

# ဗုဒ္ဓဝင်သမိုင်း

အာကျဉ်း



# ဗုဒ္ဓဝင်သမိုင်းအကျဉ်း



သနန္တနဓမ္မပါလကအဖွဲ့
အမှတ် ၂၂၇၊ ၃၇-လမ်း
ရန်ကုန်မြို့။

ထုတ်ဝေသူ။ ။ဦးယာဒဝ၊ သနန္တန ဓမ္မပါလကအဖွဲ့
အမှတ် ၂၂၇၊ ၃၇-လမ်း ရန်ကုန်မြို့
မှတ်ပုံတင် ကင်းလွတ်ခွင့်အမှတ် ၀၃၉၂၄။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ၉၇၄၅။

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်တွင်
ဒု-ညွှန်ကြားရေးမှူး ဦးချစ်တင် (မှတ်ပုံတင်အမှတ် – ၀၂၂၆၂)
က ပုံနှိပ်သည်။

# ချစ်သားအာနန္ဒာ

အာဂမိဿန္တိ ခေါ အာနန္ဒ သဒ္ဓါ ဘိက္ခူ ဘိက္ခုနိယော
ဥပါသကာ ဥပါသိကာယော။
"ဣဓ တထာဂတော ဇာတော"တိပိ၊
"ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"တိပိ၊
"ဣဓ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတန္တိ"ပိ၊
"ဣဓ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတော"တိပိ။
ယေ ဟိ ကေစိ အာနန္ဒ စေတိယစာရိကံ အာဟိဏ္ဍန္တာ
ပသန္နစိတ္တာ ကာလံ ကရိဿန္တိ၊ သဗ္ဗေ တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ
သဂ္ဂံ လောကံ ဥပပဇ္ဇိဿန္တီတိ။

**သုတ်မဟာဝါ ပါဠိတော် စာမျက်နှာ(၁၁၆)**

**ချစ်သားအာနန္ဒာ**

ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော ဘိက္ခုရဟန်း၊ ဘိက္ခုနီရဟန်းမ၊ ဥပါသကာ ဒါယကာ၊ ဥပါသိကာ ဒါယိကာမတို့သည် ဤသံဝေဇနိယ လေးဌာနသို့ လာရောက်ကြကုန်လျက်—

ဤ နေရာအရပ်သည်ကား.... မြတ်စွာဘုရား ဖွားမြင်တော်မူခဲ့ရာ အရပ်ပါတကားဟူ၍ရှင်း။

ဤနေရာအရပ်သည်ကား မြတ်စွာဘုရားသည် အတုမရှိ မြတ်သော သစ္စာလေးပါး တရားမြတ်ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့်ကိုယ်တော်တိုင် ကောင်းစွာထိုးထွင်း၍ သိတော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူရာ အရပ်ပါတကားဟူ၍ရှင်း။

ဤနေရာအရပ်သည်ကား မြတ်စွာဘုရားသည် အတုမရှိ မြတ်သော ဓမ္မစကြာတရားတော်ကို ထုတ်ဖော်ပြသ ဟောကြားတော်မူရာအရပ်ပါတကားဟူ၍ရှင်း။

ဤအရပ်သည်ကား မြတ်စွာဘုရားရှင်သည် ခန္ဓာငါးပါးအကြွင်းမရှိ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူရာ အရပ်ပါတကားဟူ၍ရှင်း

ထိတ်လန့်သံဝေ သတိတရား ဖြစ်ကြကုန်ပေလိမ့်မည်။

အာနန္ဒာ.... ဤသံဝေဇနိယဌာနများသို့ ဤသို့ ဘုရားဖူး လှည့်လည်ကုန်ကြသော ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့သည် ကြည်ညိုခြင်းသဒ္ဓါ ရှိကြကုန်သည်ဖြစ်၍ ထိုသူတို့သည် သေသည်၏ အခြားမဲ့၌ ကောင်းရာသုဂတိ နတ်ဘုံဘဝသို့ လားကြရောက်ကြကုန်လိမ့်လတ္တံ့။

# အမှာ

"ဗုဒ္ဓဝင်ပြပွဲတွင် တင်ပြအသိပေးလျက်ရှိသည့် သာသနာတော်နှင့်စပ်လျဉ်းသော အကြောင်းအရာ အချက်အလက်များ အမြဲတစေ မှတ်သားထားနိုင်ရန်အတွက် သင်တင့်သော အဘိုးနှုန်းဖြင့် စာအုပ်တအုပ်ပြုစုရန်သည်" ဗုဒ္ဓဝင်ပြပွဲများသို့ လာရောက်ကြည့်ရှုကြသော လုပ်သားပြည်သူများ၏ မေတ္တာရပ်ခံချက်တရပ်ဖြစ်ပါသည်။

ဤမေတ္တာရပ်ခံချက်နှင့်အညီ လွန်ခဲ့သော နှစ်မှစ၍ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် စည်ပင်ပြန့်ပွားပုံ၊ သမိုင်းအကျဉ်းစာအုပ်ကို အမြန်ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ သို့ရာတွင် အချိန်လုံလောက်စွာ မရရှိခဲ့၍ စာအုပ်မှာ ပြည့်စုံမှုမရှိဘဲ ပါသင့်သော အချက်အလက်အချို့နှင့် ဓာတ်ပုံများကို မထည့်သွင်းနိုင်ဖြစ်ခဲ့ရသည်။

သို့ကြောင့် ဗုဒ္ဓဝင်ပွဲပြအတွက် ပိုမိုအဆင်ပြေပြီး ပြည့်စုံသော စာအုပ်တအုပ်အဖြစ် ပြန်လည်ပြုစုပေးရန် ဦးစံမြင့်သို့ မေတ္တာရပ်ခံခဲ့ရာမှ ယခုကဲ့သို့ "ဗုဒ္ဓဝင်အမိုင်အကျဉ်း" စာအုပ် ဖြစ်ပေါ်လာရခြင်းဖြစ်ရာ စာအုပ်ပြုစုပေးသူ ဦးစံမြင့်နှင့် ဤစာအုပ်တွင် ပါဝင်သင့်သည့်အချက်အလက်များအချို့ကိုပေးပို့ကူညီခဲ့သည့် ဆရာဦးသန်းထွန်း (ရွှေဘို)တို့အား များစွာကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

ထို့ပြင် ဤစာအုပ်အား ဗုဒ္ဓဝင်ပြပွဲများအတွက် အချိန်မီ ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်သည့် သန္တာနစမ္မစာပေကော်မီကီ (သန္တာနစမ္မပါလကအဖွဲ့)အားလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

ဗုဒ္ဓဝင်ပြပွဲ ဗဟိုကော်မီတီ။

# ဗုဒ္ဓဝင်ပြပွဲ

လွန်လေပြီးသော နှစ်ပေါင်း (၂၅၀၀) ကျော်က ဟိမဝန္တာတောင်ခြေအနီး၌ ကပိလဝတ် မည်သော တိုင်းပြည်ငယ်တခုရှိခဲ့သည်။ ထိုတိုင်းပြည်ကို စိုးမိုးအုပ်ချုပ်သော ဘုရင် သုဒ္ဓေါဒနမင်းမြတ်နှင့် ကြင်ယာတော် မဟာသိမာယာဒေဝီတို့မှ အဥ္ဇနမင်းကြီး၏ ဖို့ခွင်းသက္ကရာဇ် (၆၈) ခု ကဆုန်လပြည့် သောကြာနေ့ဝယ် သိဒ္ဓတ္ထအမည်တွင်သော ဂေါတမဗုဒ္ဓဘုရားလောင်းလျာ သားမြတ်ရတနာ တပါး ဖွားမြင်တော်မူခဲ့ပေသည်။ ကြီးစွာသော စွန့်လွှတ်မှုများကို ပြုခဲ့ပြီး ပြင်းထန်လှသော ဆင်းရဲဒုက္ခများကို အောင်မြင်ကျော်လွှားခဲ့သည့် ထိုသိဒ္ဓတ္ထသည် သက်တော် (၃၅) နှစ်အရွယ်၌ အလုံးစုံသော သစ္စာတရားတော်မြတ်များကို သိရှိတော်မူသော ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဂေါတမ ဗုဒ္ဓသည် ၄၅-နှစ်မျှသော ကာလပတ်လုံး သတ္တဝါအပေါင်းတို့အား ဒုက္ခဆင်းရဲခြင်းများမှ ချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်သို့ ရောက်ကြောင်းတရားများကို လှည့်လည်ဟောကြားခဲ့ပြီးနောက် သက်တော် (၈၀) တွင် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့လေသည်။

ဘုရားရှင်သည် မိမိသိမြင်ပြီးဖြစ်သော သစ္စာတရားတော်မြတ်ကို ရှေးအခါ မိမိသစ္စာတရား ရှာဖွေခဲ့စဉ်က အတူသီတင်းသုံးဖော်များ ဖြစ်ခဲ့ကြသော ပဉ္စဝဂ္ဂီငါးဦးတို့အား အကြောင်းပြုလျက် နိဗ္ဗာန်သို့ ညွှန်ပြသည့် မဇ္ဈိမပဋိပဒါတရားဦး တရားမြတ်ကို ကမ္ဘာလောကသို့ စတင်ဟောကြားတော်မူခဲ့သည်။ မဇ္ဈိမပဋိပဒါလမ်းစဉ်သည် အရိယာသူတော်စင်တို့၏ (၁) မှန်စွာမြင်ခြင်း၊ (၂) မှန်စွာကြံခြင်း၊ (၃) မှန်စွာဆိုခြင်း၊ (၄) မှန်စွာပြုခြင်း၊ (၅) မှန်စွာ အသက်မွေးခြင်း၊ (၆) မှန်စွာ အားထုတ်ခြင်း၊ (၇) မှန်သော သတိရှိခြင်းနှင့် (၈) မှန်စွာတည်ကြည်ခြင်းဟူသော မဂ္ဂင်ရှစ်ပါး တရားမြတ်ပင်ဖြစ်၏။ ဘုရားရှင်သည် ကိလေသာ တရားတို့ကို ပယ်ဖြတ်တော်မူ၍ သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုးထွင်း သိအပ်သော ဒုက္ခ၊ ဒုက္ခ၏ အကြောင်းတရားများ၊ ဒုက္ခကို ချုပ်ငြိမ်းစေခြင်းနှင့် ဒုက္ခကို ချုပ်ငြိမ်းစေသော နည်းလမ်းများဖြင့် သစ္စာလေးပါး တရားမြတ်ကို ထုတ်ဖော်ပြသဟောကြားတော်မူ၏။ ဤတရားထူးဖြင့် ဗုဒ္ဓသာသနာ ဗုဒ္ဓလမ်းစဉ်ကို စတင်တည်ရှိစေတော်မူလျက် ဗုဒ္ဓတရားမြတ်၏ စက်ဝန်းကို လည်စေခဲ့သည်။ သို့ဖြင့် ဗုဒ္ဓသာသနာသည် သက္ကရာဇ် (၁၀၃) ခု ဝါဆိုလပြည့် စနေနေ့တွင် မိဂဒါဝုန်မှ စတင်ပေါ်ထွန်းခဲ့ပြီး များစွာ မကြာညောင်းလှသော ကာလအတွင်း ဗုဒ္ဓသာသနာသည် လူသားတို့ အလေးအမှတ်ပြု ကိုးကွယ်ဆည်းကပ်ရာ ဘာသာတရားကြီးအဖြစ်သို့ ရောက်ရှိခဲ့လေသည်။


သို့ရာတွင် အချိန်ကာလ တဖြေးဖြေး ကြာညောင်းလာခြင်းသည် ဂေါတမ ဘုရားရှင်အား လူသားတို့ မေ့လျော့စေရန် တဖန် ဖန်တီးပေး

သကဲ့သို့ ရှိလာပြန်သည်၊ ဤအတွင်း ဗုဒ္ဓသာသနာသည် အနှောင့်အယှက် အခက်ခဲများစွာကို ဖြတ်သန်းခဲ့ရ၏။ သာသနာ့မှုက်တိုင် အဆောက်အဦစာပေများစွာတို့သည် အကြိမ်ကြိမ် ဖျက်ဆီးခြင်းခံခဲ့ရ၏၊ မထင်မရှား ဖြစ်ကုန်သည်။

သို့နှင့်ပင် ဗုဒ္ဓ၏ အဖြစ်အပျက် ဗုဒ္ဓဝင် ဇာတ်တော်သည်၎င်း၊ ဗုဒ္ဓမြတ်စွာဘုရား ဒေသစာရီ လှည့်လည်ပြီး သီတင်းသုံးတော်မူခဲ့ရာ ကျောင်းတော်များ၊ နေပြည်တော်များ၊ တိုင်းပြည်များ ဟူသည်မှာ၎င်း၊

ဤကမ္ဘာ့မြေပေါ် ဝယ် အကယ်မရှိသော အရာများအဖြစ် နှောင်းလူတို့ ထင်မြင်ယူဆလာကြတော့သည်၊ ဗုဒ္ဓဘုရားရှင် ပွင့်တော်မူခဲ့ရာ အရပ်ဌာနများဆီသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လျက် ဖူးမြော်ခဲ့ကြဘူးသူတို့မှာလည်း အနည်းစုမျှသာဖြစ်ရာ လူများစွာတို့သည် ဗုဒ္ဓဘုရားရှင်နှင့် ဗုဒ္ဓ၏ အဆုံးအမတရားတော်မြတ်ကို ပေါ့ပေါ့တန်တန် သဘောထားကာ မေ့လျော့စ ပြုလာကြသည်။

ဤအခါတွင် ဗုဒ္ဓဘုရားရှင်သည် ဤကမ္ဘာဝယ် ဤမည်သောအရပ်၌ ပွင့်ခဲ့ပေ၏။ ဤသို့သော အမှတ်သင်္ကေတများ ယခုတိုင် ကျန်ရစ်၏၊ ဤမည်သော အရပ်ဒေသများသို့ ဒေသစာရီ လှည့်လည်ခဲ့၏၊ ဘုရားရှင်ဒေသစာရီလှည့်လည် သီကင်းသုံးတော်မူခဲ့ရာ အရပ်ဒေသများသည် ဤကမ္ဘာမြေပေါ်၌ ယခုအခါ ဤမည်သော အမည်နာမတို့ဖြင့် တည်လျက် အကယ်ရှိသော ဒေသများဖြစ်၏ ဟူ၍ ခိုင်လုံရာ တင်ပြအသိပေးရန်နှင့် မြင့်မြတ်စွာ နေထိုင်ရန်၎င်း၊ နောက်ဆုံးပန်းတိုင်အဖြစ် နိဗ္ဗာန်အဘို့ ကြိုးစားအားထုတ်ရန်ကို၎င်း၊ ကျွန်ုပ်တို့အား ဟောကြားတော်မူခဲ့သော ထိုမြတ်စွာဘုရားရှင်၏ တရားတော်၌ တည်စေရန် ဗုဒ္ဓဝင်ပြပွဲသည် အထောက်အပံ့တရပ်ပင် ဖြစ်စေသတည်း။



ဗုဒ္ဓဝင်ပြပွဲမဏ္ဍပ်


နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ဗုဒ္ဓဝင်အကျဉ်း

လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ကြီးစွာသော မဟာကရုဏာဖြင့် ကယ်တင်တော်မူရန် အလို့ငှါ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလ ပတ်လုံး ဖြည့်တင်း ဆည်းပူးအပ်သော ပါရမီတော်ဖြင့် ဗုဒ္ဓမြတ်စွာ ဘောဘဂဝါသည် မဇ္ဈိမဒေသ (အိန္ဒိယပြည်)တွင် ပွင့်တော်မူခဲ့၍ လောကဒေါသ မောဟပူမီး တညီးညီး တောက်လောင်နေသော လောကီသား ဝေနေယျများအား ဘုရားရှင်သည် အေးငြိမ်းရာ ပြည်နိဗ္ဗာန်ဆီသို့ လမ်းညွှန်ကယ်တင်တော်မူခဲ့ပေ၏။

ဤကဲ့သို့ သတ္တဝါများအား ရင်ဝယ်သားပမာ ဆုံးမပဲ့ပြင် သွန်သင်ညွှန်ကြား တရားဓမ္မများကို ဟောကြားတော် မူခဲ့သော မြတ်စွာဘုရားရှင်နှင့် စပ်လျဉ်းသည့် ဗုဒ္ဓဝင်ဆိုင်ရာ ဌာနများသို့ဘုရားဖူးသွားရခြင်းသည် မှန်မြတ်ခြင်း တပါးပင် ဖြစ်၏။ ကမ္ဘာကျော် သာသနာပြု အသောကမင်းကြီးက ဤသို့ ဘုရားဖူးလှည့်လည်ရခြင်းကို 'ဓမ္မရတ္တ' မြတ်လှသော ခရီးထွက်ရခြင်းဟု မြွက်ဆိုခဲ့၏။ ဘုရားရှင် ကိုယ်တော်တိုင်လည်း ဗုဒ္ဓဝင်ဆိုင်ရာ သံဝေဇနိယ ဌာနတို့သို့ လှည့်လည် ဖူးမြော်အပ်ကြောင်းနှင့် သုတ်မဟာဝါ ပါဠိတော်တွင် ဟောကြားတော်မူခဲ့၏။

ဗုဒ္ဓဝင်ပြပွဲသည် ဗုဒ္ဓဘာသာဝင်များ အတွက် များစွာ အရေးကြီးလှသော မြင့်မြတ်သည့်ဗုဒ္ဓဝင်ဆိုင်ရာ သံဝေဇနိယ ဌာနတို့သို့ ကိုယ်တိုင်မရောက်




ဗုဒ္ဓဝင်ပြပွဲကြီး

နိုင်ကြသည့် ပုဂ္ဂိုလ်များကိုယ်တိုင် ရောက်ရှိကြရဘိသည့်အလား ခံစားကြည်ညို အာရုံပြုနိုင်ကြစေရန်နှင့် တိုတောင်းလှသော အချိန်ကာလအတွင်း ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားပုံ သမိုင်းစဉ်ကိုပါ သိရှိနိုင်ကြ စေရန်အတွက် ကြိုးပမ်းအားထုတ်ထားပေသည်။

ဗုဒ္ဓဝင်ပြပွဲမဏ္ဍပ်ကြီး၏ အလယ်ဗဟိုတွင် အာရှတိုက်နှင့် ကျွန်းဆွယ်၊ ကျွန်းစုများပါဝင်သော ကြီးမားလှသည့် ကုန်းမြေ၊ မြေပုံကြီးအား သရုပ်ဖော်ပြုလုပ်ထားပြီး အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာအသွင် ရေထုဖြင့် ဝန်းရံထားသည်။ မြေပုံပေါ်တွင်လည်း အိန္ဒိယ၊မြန်မာ၊ သီဟိုဠ်၊ယိုးဒယား လာအို၊ဗီယက်နမ်၊ မလေးရှား၊ဂျာဗား၊ ဆုမတြာ၊ ဘော်နီယို၊ ဖိလစ်ပိုင်၊ ဂျပန်၊ ကိုရီးယား၊ တရုပ်ပြည်၊ ခိုတန်၊ အာဖဂန် နစ္စတန်၊နီပေါ၊ ကစ်ဆင်း၊ ဘူတန်၊ ရုရှား၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ် စသည့် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော် စည်ပင်ပြန့်ပွားခဲ့ရာ တိုင်းပြည်နိုင်ငံများ အားလုံးလိုလိုတို့အား ဖော်ပြထားလျက် နိုင်ငံအလိုက် အရောင်များခြယ်သခါ ဘုရားစေတီများ အရေးကြီးဌာနများ တည်ရာကို ပြသညွှန်ထားပြီး အောက်ပါအကြောင်းအရာများကို ကမ္ဘာအလိုက် ရှင်းလင်းတင်ပြပေးသည်။

၁။ သံဝေဇနီယလေးဌာနနှင့် အခြား ဗုဒ္ဓဝင် ဌာနများ။
၂။ သံဂါယနာ သမိုင်းစဉ်၊
၃။ ဗုဒ္ဓသာသနာ ပြန့်ပွားပုံ သမိုင်းစဉ်၊
၄။ အတိုင်းတိုင်း အပြည်ပြည်မှ /ဗုဒ္ဓဝင် ပုံတော်များ စသည်တို့ ဖြစ်သည်။

**သံဝေဇနီယ** (၄) ဌာန (ဝါ) ဗုဒ္ဓသာသနာ စတင်ရာ ပြပွဲတွင် ဗုဒ္ဓဘာသာ ဝင်များ အတွက် အမှန်မြတ်ဆုံး(၄)ဌာနတည်ရာကို ရှေးဦး ပထမ ရှင်းလင်းတင်ပြပေးသည်။၎င်း(၄)ဌာနသည်ကား ဘုရားရှင် ကိုယ်တော်တိုင်နှင့် ညီတော်အာနန္ဒာ



**လုမ္ဗိနီရှိ အသောကကျောက်တိုင်ဖြစ်သည်**

အပြင် နောက်ပါ ရဟန္တာများ သီတင်းသုံးတော်မူခဲ့ရာ ဌာနကြီးများပင် ဖြစ်သည်။

**၁။ ဖွားတော်မူရာ**

မြတ်စွာဘုရားရှင်ကို မယ်တော်မာယာမှ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ရာ လုမ္ဗိနီဥယျာဉ်သည် ယခုအခါ နီပေါနှင့် အိန္ဒိယပြည်နယ်စပ်အနီး နီပေါပြည် ရုမ္မိန်ဒေယီ ( Rummindeyi ) အရပ်၌ တည်ရှိပေသည်။

လွန်ခဲ့လေပြီးသောနှစ်ပေါင်း(၂၅၀၀)ကျော်ခန့်က မယ်တော်မာယာသည် မိမိခင်ပွန်းသည် သုဒ္ဓေါဒနမင်းကြီးအား ခွင့်ပန်လျက် ကပိလဝတ်ပြည်မှ မိမိ၏ မိဘရပ်ထံ ဒေဝဒဟသို့ အပြန်ခရီးအကြား ဤလုမ္ဗိနီ အင်ကြင်းဥယျာဉ်ဝယ် ဘုရားလောင်း သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခဲ့လေသည်၊ ခရစ်တော်မပေါ်မီ သက္ကရာဇ်

(၂၅၀) ခုတွင် အသောကမင်းကြီးသည် လုမ္ဗိနီ ဥယျာဉ်သို့ ကိုယ်တိုင် ဘုရားဖူးလာရောက်ကာ သကျမုနိ ဘုရားရှင် ဖွားတော်မူခဲ့ရာ၌ အထိမ်းအမှတ်အဖြစ် (၃၆) ပေမြင့်သော အသောက ကျောက်တိုင်ကို ထူပြီး ကျောက်စာရေးသားထားခဲ့လေသည်။

ကျောက်စာအပြည့်အစုံမှာ....

"ဒေဝါနံ ပိယမည်သော မင်းတရားကြီး (အသောကမင်းကြီး) သည် အဘိသိက်ခံ၍ အနှစ် ၂၀-မြောက်သော အခါ ဗုဒ္ဓသကျမုနိဖွားတော်မူသော ဤနေရာသို့ ကိုယ်တိုင် ကြွရောက် ဖူးမြော်တော်မူလေသည်။


ဤနေရာတွင် ဘုရားရှင်ကို ဖွားမြင်တော်မူသည်ဟု ပြသရန် အလို့ငှါလည်း သိန္ဓောမြင်းရုပ် ထုလုပ်၍ ကျောက်တိုင် စိုက်ထူစေတော်မူ၏။

လုမ္ဗိနီဟု ခေါ်တွင်သော ဤကျေးရွာကိုလည်း ဘုရားရှင်ဖွားမြင်တော်မူရာ ဖြစ်သောကြောင့် ဘာသာရေးဆိုင်ရာ ခိုင်ကြေးတို့မှ လွတ်ကင်းစေ၍ရှစ်ဖို့တဖို့သော မြေခွန်ကိုသာလျှင် ထမ်းဆောင် စေလေသည်" ဟူ၍မှတ်သားပေါ်ပြထားခဲ့လေသည်။

## ၂။ ဘုရားပွင့်တော်မူရာဌာန

သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ရောက်တော်မူရာ ဗုဒ္ဓဂါယာမြေမြတ်မဟာသည်ဘီဟာ(Bihar) နယ် ဂါယာမြို့ တောင်ဘက် ၆-မိုင်အကွာတွင် တည်ရှိပေသည်။


သိဒ္ဓတ္ထမင်းသားသည် နိမိတ်ကြီးလေးပါးကို မြင်တွေ့ပြီးနောက် တောထွက်တော် မူခဲ့သည်။ အပြင်းအထန် တရားအားထုတ်ခဲ့ကာ အခက်အခဲ



ဗုဒ္ဓဂါယာမှ ဗောဓိညောင်ပင်

များစွာကို ကြုံတွေ့ခဲ့ပြီးနောက် နေရဉ္ဇရာမြစ်အနီး ဂယာအရပ် (ယခု ဗုဒ္ဓဂါယာ) ဥရုဝေလတော၏ မဟာဗောဓိ ညောင်ပင်ရင်း၌တရားအားထုတ်စဉ် အလုံးစုံသော တရားတို့အား သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဗုဒ္ဓမြတ်စွာသည် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်သည်နှင့်တပြိုင်နက် လောကသုံးပါး၏ အထွတ်အထိပ်ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

ယခုအခါ ဘုရားပွင့်တော်မူခဲ့ရာ ဗုဒ္ဓဂါယာဌာနတွင် ဘုရားစေတီ အမြောက်အများ ရှိသည့်အနက် အထင်အရှားဆုံးကား မဟာဗောဓိစေတီတော်ကြီးဖြစ်သည်။ အမြင့်ဉာဏ်တော်ပေ ၁၆၀-ရှိပြီး လေးမြှောင့်ပုံသဏ္ဌာန်ရှိသည့် ဗုဒ္ဓဂါယာ မဟာဗောဓိစေတီတော်ကြီး တခုလုံးတွင်ပင် ဗုဒ္ဓရုပ်ပွါးတော်များကို ထွင်းထု ထားရှိပေသည်။ စေတီတော်အတွင်း လိုဏ်ဂူတွင် ရွှေဆင်းတုတော် တဆူရှိသည်။ စေတီတော်အနီး၌ မဟာဗောဓိ ညောင်ပင်မှာ မူလဘုရားပွင့်တော်မူခဲ့သော




ဗုဒ္ဓဂါယာမှ ဗောဓိစေတီတော်


ဗောဓိညောင်ပင်မှ အနွယ်မပျက် ဆက်လက် စိုက်ပျိုးခဲ့သောအပင်ပင် ဖြစ်သည်။

### ၃။ တရားဦးဟောရာဌာန

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် မိမိ၏တရားမြတ်အား ကမ္ဘာလောကသို့ ပထမဦးဆုံးအကြိမ်အဖြစ်နှင့် ပဥ္စဝဂ္ဂီငါးဦးတို့အား တရားဦးဓမ္မစက္ကပဝတ္တနသုတ်ဒေသနာတော်ကို မိဂဒါဝုန်စုံတောမြိုင်တွင် ဟောကြားတော်မူခဲ့သည်။ မိဂဒါဝုန်(ဣသိပတန)(Sarnath) သည် ယခု ဗာရာဏသီမြို့ ဘူတာရုံမှ ၆-မိုင်အကွာတွင် တည်ရှိပြီး ဘုရားရှင်တရားဦးဟောရာ အထိမ်းအမှတ်အဖြစ် တည်ထားခဲ့သော "ဓမ္မစက္က စေတီတော်ကြီး" (ဓမ္မိက)ကိုလည်း မိဂဒါဝုန်တွင် ယခုတိုင် ဖူးတွေ့နိုင်ပေသည်။ ရှေးဟောင်း ကျောင်းတော်ရာများနှင့် စေတီပုထိုးပျက်များစွာလည်း ရှိသည်။ အသောကမင်းကြီး၏ ကျောက်တိုင် အကျိုးအပဲ့များလည်း ရှိသည့်အပြင် အသောကကျောက်တိုင်မှ လက်ရာမြောက်လှသည့် ခြင်္သေ့ရုပ်ကို အနီးရှိ ပြတိုက်သို့ ရွှေပြောင်းပြသထားရှိသည်။



ဓမ္မစက္ကစေတီတော်ကြီး



**မိဂဒါဝုန်မှ အသောကကျောက်တိုင်**

မိဂဒါဝုန်သည် ဗုဒ္ဓသာသနာတော် စတင်ပေါက်ဖွားရာ မြေမြတ်မဟာ ဖြစ်လေသည်။


### ၄။ ပရိနိဗ္ဗာန်စံတော်မူရာဌာန

ဘုရားရှင်သည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ဒုက္ခဆင်းရဲခြင်းများမှ ကင်းဝေးစေရန် ၄၅-နှစ်တိုင်တိုင် တရားရေအေး တိုက်ကျွေးတော်မူခဲ့ပြီးနောက် ကုသိနာရုံ Kushinagara (or) Kasia) အရပ်တွင် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့လေသည်။ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့လေရာ ကုသိနာရုံသည် ဥတ္တရပရာဒေ့်၏ ပြည်နယ်(Uttar pradesh)၊ဂိုရပ်ခ်ပူရ်(Gorakh pur )မြို့နှင့် ၃၂ မိုင်အကွာတွင် ယခုအခါတည်ရှိပေသည်။

မြတ်စွာဘုရားသခင်သည် သက်တော် (၈၀) တွင် ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် ကဆုန်လပြည့် အင်္ဂါနေ့အကုန် အရုဏ်တက် လင်းအားကြီး အယာမ်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူလေသည်။ ဘုရားဝင် ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံတွင် စေတီပုထိုး မြောက်များစွာရှိသည့်အနက် အထင်အရှား ဖူးတွေ့နိုင်သည်ကား မဟာပရိနိဗ္ဗာန စေတီတော်ပင် ဖြစ်သည်။ ထို့အပြင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုတော်မူပုံ လျောင်းတော်မူ ရုပ်ပွားတော်တဆူ ရှိသောဂန္ဓကုဋိတိုက်တလုံးလည်း ရှိလေသည်။ ပတ်ဝန်းကျင်တဝိုက်တွင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် ပြုပြီးနောက် ရဟန္တာအရှင်မြတ်များ သီတင်းသုံးတော်မူခဲ့ကြသော ကျောင်းတော်ရာ များစွာနှင့် ဘုရားရှင်၏ ရုပ်အလောင်းတော်ကို တေဇောဓာတ်လောင်ကျွမ်းရာ ကုန်းမြင့်တခုလည်း ရှိပေသည်။ ရှေးအခေါ် "Angarchaitya" (မကုဋ္ဌဗန္ဓန) ယခု "Rama-bahar" ရမ်မဘာခေါ် ၎င်းကုန်းသည် တေဇောဓာတ် လောင်ပြီး ဖြစ်သောမြတ်စွာဘုရား၏ ဓာတ်တော် မွေတော်များကို အပြည်ပြည်မင်းများအား အညီအမျှ ခွဲဝေပေးခဲ့ရာ ဌာန ဖြစ်ပေသည်။

### ဘုရားရှင်နှင့် စပ်လျဉ်းသော အခြားဌာနများ

အထက်က ဖော်ပြခဲ့သည့် အဓိကဌာနကြီး ၄-ဌာနအပြင် မြတ်စွာဘုရားနှင့် စပ်လျဉ်းသည့် ဘုရားဖူးရန် ဌာနအမြောက်အများ ရှိပေသေးသည်။



မဟာပရိနိဗ္ဗာန စေတီတော်

## သာဝတ္ထိ


ယခုအခါဥတ္တာပရာဒက်ရှ်နယ်Uttarpradesh Gonda ဂွန်ဒါ ခရိုင်ရှိ Saravasti အရပ်ဒေသသည် ရှေးဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ကောသလတိုင်း ပသေနဒီ ကောသလမင်းကြီး စိုးစံခဲ့ရာ သာဝတ္ထိ နေပြည်တော်ကြီးပင်ဖြစ်၏။ ဘုရားရှင်သည် ဤ သာဝတ္ထိနေပြည်တော်တွင် ၂၄-ဝါတိုင်တိုင် ဝါဆိုတော်မူခဲ့ ဘူးသည်။ အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းခဲ့သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူပြီး ကောသလမင်းနှင့် ပြည်သူအများတို့အား တရားရေအေး တိုက်ကျွေးခဲ့သည်။သာဝတ္ထိသည် အတိုင်းမသိသော ဘုရားရှင်ကျေးဇူးတော်ကျော်စောပြန့်နှံ့ရာနှင့်မင်း မှူးမတ် ပြည်သူအများတို့ အကျွတ်တရားရရာဌာနမြတ်ပင်ဖြစ်လေသည်။ ဘုရားကို ဂုဏ်ပြိုင်မည့် အယူရှိသည့် တိတ္ထိတို့မာန်ကို နှိမ်နင်းနိုင်ရန် အလို့ငှါ ဤ သာဝတ္ထိမြို့သရက်ဖြူပင်ရင်းတွင် ရေ, မီးအစုံနှင့် အံ့ချီးမကုန်သည့် တန်ခိုးပြာဋိဟာကို ပြသ[illegible]လသည်။ ယခုတိုင် သာဝတ္ထိတွင် ဇေတဝန်နှင့် အခြားကျောင်းတော်ရာများအပြင် စေတီများပြားစွာတို့ကို ဖူးတွေ့နိုင်ပေသေးသည်။

## သင်္ကဿ နဂိုရ်ပြည် Sankasya

ဝါဆိုလပြည့်နေ့ တန်းခိုးပြာဋိဟာပြပြီး ဘုရားရှင်သည် မယ်တော် မိနတ်သားအားတရားဟောရန် တာဝတိံသာသို့ တက်ကြွတော် မူခဲ့၏။ တာဝတိံသာတွင် ဝါဆိုတော်မူပြီးနောက် နတ်ဗြဟ္မာတို့ ခြံရံလျက် လူ့ပြည်သို့ ပြန်လည်သက်ဆင်းခဲ့ရာ သင်္ကဿနဂိုရ်ပြည်သည် ယခုအခါ ဥတ္တပရာဒက်ရှ်နယ် Ettah ခရိုင်ရှိ Sankasya အရပ်ဒေသပင်ဖြစ်၏။ ဤသင်္ကဿနဂိုရ်ဒေသတွင် ဘုရားရှင် တာဝတိံသာမှ သက်ဆင်းရာ ဌာနရှေးဟောင်းအမှတ်အသားနှင့် ကျောင်းတော်ရာများ ရှိပေသေးသည်။

## ရာဇဂြိုဟ်ပြည် Rajagriha

ဘုရားရှင်လက်ထက်တော်ကဘုန်းတန်းခိုးကြီးမားသော မာဂဓတိုင်း၏ နေပြည်တော် ရာဇဂြိုဟ်သည် ယခုအခါဘီဟာနယ်ပတ္တနာခရိုင်တွင်တည်ရှိပေသည်မြတ်စွာဘုရားရှင်သည်ရာဇဂြိုဟ်ပြည့်ရှင်



ပထမသံဂါယနာတင်ရာ

ဗိမ္ဗိသာရမင်းဆောက်လုပ်လှူဒါန်းအပ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူခဲ့သည်။ ဤရာဇဂြိုဟ်ပြည်တွင်ပင် ဒေဝဒတ်သည် နာဠာဂီရိဆင်အား အရက်များတိုက်ကျွေးကာ ဘုရားရှင်အားလုပ်ကြံရန် အားထုတ်ခဲ့သည်။ ဘုရားရှင် နှစ်သက်ပျော်ရွှင်စွာဖြင့် သီတင်း သုံးတော်မူခဲ့ဘူးသော ဂိဇ္ဈကုဋ်တောင်လည်း ဤမြို့အနီး၌ပင် ကပ်လျက် တည်ရှိပေသည်။ ထို့ပြင် ဤရာဇဂြိုဟ်ပြည် ဝေဘာရတောင်ရှိ Satta Panni (သတ္တပဏ္ဏိ) လိုဏ်ဂူတွင်ပင် ပထမသံဂါယနာ တင်ခဲ့ခြင်းဖြစ်ရာ ရာဇဂြိုဟ်လည်း ဗုဒ္ဓသာသနာတော် သန့်ရှင်းစွာ တည်တံ့ရေး၏ မြေတောင်မြှောက်ခဲ့ရာ ဌာနကြီး ဖြစ်လေသည်။


## ဝေသာလီပြည်

မြတ်စွာဘုရားရှင်အကြိမ်ကြိမ်ဒေသစာရီကြွချီတော်မူခဲ့ဘူးပြီး ဘုရားရှင် လက်ထက်တော်က လိစ္ဆဝီမင်းမျိုးတို့၏ မြို့တော်ဖြစ်ခဲ့သော ဝေသာလီပြည်သည် ယခုအခါ ဘီဟာ (Bihar) နယ် မူဇာဖာပူခရိုင်တွင် တည်ရှိပေသည်။ ဘုရားရှင်သည် တရံရောအခါဝယ် ဒေသစာရီကြွချီတော်မူလာစဉ် မျောက် တိရစ္ဆာန်များစွာတို့သည်ဘုရားရှင်အား ပျားရည်ဆွမ်းတအိုး ဤဝေသာလီ၌ပင် လှူဒါန်းခဲ့ ကြဘူးသည်။ ကျော်ကြားလှသော နန်းတွင်းကချေသည် အမ္ဗပါလီ လှူဒါန်းသော သရက်ဥယျာဉ်ကို ဘုရားရှင်သည် လက်ခံတော်မူလျက် သီတင်းသုံးနေထိုင်တော်မူခဲ့ဘူးသည်။ ထို့ပြင် ဘုရားရှင်သည် ပရိနိဗ္ဗာန် စံဝင်ချိန်နီးပြီဟု ဤဝေသာလီအရပ်တွင်ပင် မိန့်ကြားခဲ့ခြင်းဖြစ်၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် လိစ္ဆဝီမင်းတို့သည် မိမိတို့အတွက် ဝေစုဖြစ်သော ဓာတ်တော်မြတ်များအား ဌာပနာလျက် စေတီတည်ထားခဲ့ကြလေသည်။ ကျောင်းကန်စေတီ ဘုရားများ အမြောက်အများ ယခုတိုင် ဝေသာလီတွင် တွေ့မြင်နိုင်ပေသေးသည်။

ဤဖော်ပြပါ ဌာနများသည် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဘုရားရှင်နှင့် တိုက်ရိုက် သက်ဆိုင်ခဲ့သည့် နေရာ ဌာနများ ဖြစ်သည်၊ အောက်တွင် ဆက်လက်ဖော်ပြမည့် ဌာနများ သည်ကား ဘုရားရှင်နှင့် တိုက်ရိုက် မသက်ဆိုင်ခဲ့သော်ငြားလည်း သာသနာတော်နှင့် စပ်လျဉ်းလျက် ရှိသောကြောင့် မှန်မြတ်သော ဘုရားဖူး ဌာနကြီးများပင်ဖြစ်ပေသည်။

## ၁။ ဆန်ချီ

ဆန်ချီမြို့သည် ဘုံဘေမြို့နှင့် ၅၄၉-မိုင် အကွာတွင် တည်ရှိပြီး အသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုး ကျောင်းတော်များ အများအပြားရှိသည်။ ဉာဏ်တော်တပေရှိ စေတီတော်လေးမှ ဉာဏ်တော် ပေ ၅၀-ရှိ စေတီတော်ကြီးအထိ စေတီအဆူဆူရှိသည်။ပေ ၅၀-မြင့်သည့် ဆန်ချီ စေတီတော်၏ လုံးပတ်မှာ အောက်ခြေ ပေတရာ ပတ်လည်ရှိပြီး မုခ်လေးဝတွင် ဗုဒ္ဓဝင် ရုပ်ပုံများ ထွင်းထုထား၏၊ စေတီတော်၏တောင်ဘက်မုခ်ဝအနီးတွင် ခြင်္သေ့လေးကောင် ပူးနေ



ဆန်ချီစေတီတော်ပုံ


သော ရှေးဟောင်း အသော က ကျောက်တိုင်ကြီးရှိသည်။

ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန် တို့၏ဓာတ်တော်များလည်း ဆန်ချီတွင် ဌာပနာထားသည်။ ခရစ်မပေါ်မီ ၂-ရာစုခန့်က အသောက မင်းကြီး၏ သားတော် ရှင်မဟိန္ဒသည် ဗုဒ္ဓ၏ တရားတော်များကို ဦးထိပ် ရွက်လျက် ဤဆန်ချီအရပ်မှပင် သီဟိုဠ်နိုင်ငံသို့ ကြွရောက်တော်မူခဲ့ခြင်းဖြစ်သည်။

## ၂။ နာလန္ဒာ

ရာဇဂြိုဟ်နှင့် မနီးမဝေးရှိ Nallanda (နာလန္ဒာ)သည် ရှေးက အလွန်ကြီးကျယ်ထင်ရှားခဲ့သော ဗုဒ္ဓတက္ကသိုလ်ကြီးဖြစ်ခဲ့သည်။ ၅-ရာစုခေတ်မှစ၍ ၁၂-ရာစုတိုင် နှစ်ပေါင်း(၇၀၀)ခန့်မျှ စာသင်သား ရဟန်းသံဃာ အပါး (တသောင်း) ကျော် မှီတင်း သီတင်းသုံး ပညာဆည်းပူးခဲ့ကြရာ ကျောင်း တော်ကြီး ဖြစ်သည်၊ နာလန္ဒာတွင် ကျောင်းတော်ရာ များစွာ ကျန်ရှိနေသေးသည်။

တရုပ်ရဟန်းတော် ရှင်ဆန်းသည် (၇)ရာစုခေတ်၌ ဤကျောင်းတော်သို့ ရောက်ရှိခဲ့ပြီး မှတ်တမ်းပြုစုရေးသားထားခဲ့သည်။နာလန္ဒာကျောင်းတော်မှပင် မဟာယာနဗုဒ္ဓဘာသာ စတင်ပေါက်ဖွားခဲ့လျက် ထင်ရှားသော ဗုဒ္ဓဝါဒတွေးခေါ်ရှင် နာဂဇ္ဇုန ပေါ်ထွန်းရာလည်းဖြစ်ပေသည်။



နာလန္ဒာစေတီတော်ရာ

### ၃။ တက္ကသီလာ

ဗုဒ္ဓစာပေ ကျမ်းဂန်များ၌ အထူး ထင်ရှားသော တက္ကသိုလ်ပြည်သည် ယခုအခါ ပါကစ္စတန်ပြည်တွင်း၌ တည်လျက်ရှိသည်၊ ၎င်း သည်လည်း ရှေးက အင္ဂါရသ ပညာရပ်မျိုးစုံအား သင်ကြားပေးခဲ့ရာ ဗဟိုဌာနကြီး ပင်ဖြစ်သည်။ ဤတက္ကသိုလ်မှပင် ကမ္ဘာကျော် ကမ္ဘာ၏ ပထမဦးဆုံးသော သဒ္ဒါဆရာကြီး ပါဏိနီပေါ် ထွန်းခဲ့ခြင်းဖြစ်သည်။

နာလန္ဒာတက္ကသိုလ်နှင့် တက္ကသီလာတို့သည် ရှေးခေတ်စာပေနှင့် ယဉ်ကျေးမှု၏ အချက်အချာများဖြစ်သော ပညာရေး ဗဟိုဌာနကြီးများ ဖြစ်ကြသည်။

ထို့အပြင် ဗုဒ္ဓစာပေ၌ အလွန်ထင်ရှားသော မိလိန္ဒပဥှာကျမ်းများပါ မိလိန္ဒမင်းကြီး၏ နေပြည်တော် သာဂလမြို့သည်လည်း ယခုအခါ ပါကစ္စတန်ပြည်တွင်း တည်ရှိပြီး ဆီယာကော့ဟု အမည်ခေါ်တွင်လျက် ရှိပေ၏။

### ၄။ အာဂျန်တာနှင့် အေလိုရာလိုဏ်ဂူများ

AJanta and Ellora (အာဂျန်တာနှင့် အေလိုရာ ဂူကြီးများသည် ဟိုက်ဒြာဘတ် နယ်တွင် တည်ရှိလျက် ဂူပေါင်းများစွာအနက် အများစုမှာ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်ရာဂူများဖြစ်ကြသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနှစ်ပေါင်း ၃၀၀-ခန့်လောက်က ဟိုက်ဒြာဘတ်နယ်၏ သာယာငြိမ်လှသည့် တောကြီးအလည်တွင် ဗုဒ္ဓရဟန်းတော်များသည် တောရဆောက်တည် တရားအားထုတ်ကြရာမှ မိမိတို့မှီတင်း သီတင်းသုံးနေရာ လခြမ်း ပုံသဏ္ဌာန်ကျောက်တောင်ကြီးကို တဖြေးဖြေး ထွင်းထုကာ ဘုရားကျောင်းဆောင်ကြီး များ နှင့် ဗုဒ္ဓရုပ်ပွါးတော်များကို အံ့ချီးဘွယ်ရာ ထွင်းထုထားခဲ့ကြသည်။ နှစ်ပေါင်းတထောင်နီးပါးခန့် ကြာအောင် အဓွန့်ရှည်စွာ အစဉ်အဆက် ထွင်းထုလာခဲ့ကြသည့် ရဟန်းတော်များ၏ လက်ရာရုပ်ပွါး၊ ရုပ်ထုနံရံကပ် ဗုဒ္ဓဝင်ပန်းချီတို့အား ယခုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သည့်တိုင်အောင် သေသပ်စွာ ဖူးတွေ့နိုင်ပေသေးသည်။

ဝါဂိုရာမြစ်အား မိုးလျက်တည်ရှိသည့် သဘာဝကျောက်တောင်ကြီးတွင်းမှ အာဂျန်တာဂူများကို သစ်ပင်ခြုံနွယ်များ ပိတ်ဖုံးထားပြီး ၁၈၁၉-ခုနှစ် မဆိုးတစုတို့မှ ကံအားလျော်စွာ တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

အာဂျန်တာဂူများနှင့် မိုင်တရာခန့် အကွာအဝေးတွင် တည်ရှိသည့် အေလိုရာဂူ ၄၄-ဂူအနက် ဂူ ၂-ဂူမှာ ဗုဒ္ဓဘာသာနှင့်သက်ဆိုင်ပေသည်။ အေလိုရာလိုဏ်ဂူများ၏ ဗဟိုလိုဏ်ဂူ ခန်းမဆောင်ကြီးမှာ လက်ရာသေသပ်လှပြီး စတုရန်း ၄၈ ပေကျယ်ဝန်းသည်၊ VISVAKARMA(ဝါ)ကေသာရဆောင်ဟု အမည်တွင်သော ဤလိုဏ်ဂူခန်းမ



မိဂဒါဝုန်ဘုရားကျောင်းဆောင်တွင်းမှ တရားဦး ဟောတော်မူပုံ

ဆောင်သည် ကမ္ဘာပေါ်ရှိ အလှပဆုံးသောဘုရား ကျောင်းဆောင်များတွင် တခုအပါအဝင် ဖြစ်လေသည်။

ဗုဒ္ဓဝင်ပြပွဲကြီးတွင် အထူး ပြုလုပ်ထားသည့် မြေပုံကြီးပေါ်၌ ဖော်ပြပါအရပ်ဌာနများ အားလုံးအပြင် ဗုဒ္ဓသာသနာတော်၏သမိုင်း၌ အဓိကရမှတ်တိုင်ကြီးများဖြစ်သော သံဂါယနာတင်ခဲ့ရာ အရပ်ဌာနများကိုလည်း ဖော်ပြထားသည်။


မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန် စံတော်မူပြီး ၃-လ အကြာတွင် ရာဇဂြိုဟ်ပြည် သတ္တပဏ္ဏိဂူလိုဏ်ဂူ ရဟန်းသံဃာပေါင်း စုဝေးကြလျက် အရှင်ဥပါလိနှင့် အရှင်အာနန္ဒာတို့၏ ကြီးကြပ်မှုဖြင့် ပထမအကြိမ် သံဂါယနာတင်ခဲ့သည်မှ အစပြုလျက် ယနေ့တိုင်အောင် ၆-ကြိမ် သံဂါယနာ တင်ခဲ့ပြီး ဖြစ်ပေသည်။

ပထမ သံဂါယနာအား အဇာတသတ်မင်းကြီး လက်ထက် ရာဇဂြိုဟ်တွင်၎င်း၊ ဒုတိယသံဂါယနာအား ကာလာသောကမင်းကြီးလက်ထက် ဝေသာလီပြည်တွင်၎င်း၊ တတိယသံဂါယနာကို သီရိဓမ္မာသောကမင်းကြီးလက်ထက် ပါဋလိပုတ် ပြည်တွင်၎င်း၊ စတုတ္ထသံဂါယနာအား ဝဋ္ဋဂါမဏိမင်းကြီး လက်ထက် သီဟိုဠ်ပြည် မလယဇနပုဒ်အရပ်တွင်၎င်း၊ ပဉ္စမသံဂါယနာကို မင်းတုန်းမင်းတရားကြီး လက်ထက် မြန်မာနိုင်ငံ မန္တလေးနေပြည်တော်တွင်၎င်း၊ ဆဋ္ဌသံဂါယနာကို ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရမှ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြင့်တွင်၎င်း အသီးသီးတင်ခဲ့ပြီးဖြစ်သည်။

သံဂါယနာတင်ရခြင်းမှာ ဗုဒ္ဓသာသနာတော်ကြီး မမေ့မှိန် မတိမ်ကောရလေအောင် စောင့်ရှောက်ရန်ပင်ဖြစ်သည်။

## ဗုဒ္ဓဘုရား၏ အထူးပွဲတို


| | | | | | |
|---|---|---|---|---|---|
| မ | ကြာသပတေး | ၆၇ | ခု | ဝါဆိုလပြည့်နေ့ | ပဋိသန္ဓေနေတော်မူသည်။ |
| သိ | သောကြာ | ၆၈ | ခု | ကဆုန်လပြည့်နေ့ | ဖွားတော်မူသည်။ |
| ကြ | တနင်းလာ | ၉၇ | ခု | ဝါဆိုလပြည့်နေ့ | တောထွက်တော်မူသည်။ |
| လျှင် | ဗုဒ္ဓဟူး | ၁၀၃ | ခု | ကဆုန်လပြည့်နေ့ | ဘုရားဖြစ်တော်မူသည်။ |
| တွေး | စနေ | ၁၀၃ | ခု | ဝါဆိုလပြည့်နေ့ | ဓမ္မစကြာတရားဟောတော်မူသည်။ |
| ဆ | အင်္ဂါ | ၁၄၈ | ခု | ကဆုန်လပြည့်နေ့ | ပရိနိဗ္ဗာန် စံတော်မူသည်။ |
| ဦး | တနင်္ဂနွေ | ၁၄၈ | ခု | ကဆုန်လဆုတ် ၅-ရက်နေ့ | တေဇောဓာတ်လောင်တော်မူသည်။ |
| | | ၁၄၈ | ခု | နယုန်လဆန်း ၁-ရက် ကြာသပတေးနေ့ | ပြည်ထောင်မင်းတို့အား ဓာတ်တော်ဝေသည်။ |




၁ ဗုဒ္ဓသာသနာပြုနိုင်ငံများ

၂ ကိုးတိုင်းကိုးဌာနများ

၃ ဗုဒ္ဓဝင် အထူးဌာနများ



ယား
မန်ချူးရီးယား
ကိုရီးယား
ဂျပန်
ဖော်မိုဆာ
ယက်နမ်
ဟောင်ကောင်
ကမ္ဘောဒီးယား
ဖိလစ်ပိုင်
ဘော်နီယို
စီလီဘီးစ်
အင်ဒိုနီးရှား
ဂျာဗား
ဘာလီ
ဝေသာလီ
ပါဋလိပုတ်
ရာဇဂြိုဟ်
အိန္ဒိယ
မန္တလေး
မြန်မာပြည်
ရန်ကုန်
သီဟိုဠ်
သံဂါယနာတင်ရာဌာနများ

# သီရိလင်္ကာသောကမင်းကြီး လက်ထက် ကိုးတိုင်း—ကိုးဌာန သာသနာပြုလုပ်ငန်းစဉ်

| အမှတ်စဉ် | ကြွတော်မူသော မထေရ်များ | ရှေးအခေါ် တိုင်းများ | ယခုအခေါ် တိုင်းများ |
|---|---|---|---|
| ၁။ | မဇ္ဈန္တိကထေရ်နှင့် အခြားလေးပါး | ကသ္မီရဂန္ဓာရတိုင်း | ကက်ရှ်မီးယားနှင့် အာဖဂန်နစ္စတန်နယ် |
| ၂။ | မဟာဒေဝထေရ်နှင့် အခြားလေးပါး | မဟိံသကတိုင်း | မိုက်ဆိုးနယ် |
| ၃။ | ရက္ခိတထေရ်နှင့် အခြားလေးပါး | ဝနဝါသီတိုင်း | ကန္နဒနယ် |
| ၄။ | ယောနကဓမ္မရက္ခိတထေရ်နှင့်အခြားလေးပါး | အပရန္တကတိုင်း | ဘုံဘေနယ် |
| ၅။ | မဟာဓမ္မရက္ခိတနှင့်အဖွဲ့ | မဟာရဋ္ဌတိုင်း | မဟာရပ်ရှ်တရာနယ် |
| ၆။ | မဟာရက္ခိတနှင့် အခြားလေးပါး | ယောနကတိုင်း | ယူနန်နယ် |
| ၇။ | မဇ္ဈိမထေရ်နှင့် အခြားလေးပါး | ဟိမဝန္တာရပ် | ဟိမဝန္တာရပ် |
| ၈။ | သောဏမထေရ်နှင့် အခြားလေးပါး | သုဝဏ္ဏဘူမိ | သထုံပြည်၊ အရှေ့ကျွန်းစု |
| ၉။ | မဟာမဟိန္ဒမထေရ်နှင့် အခြားလေးပါး | လင်္ကာဒီပ | သီဟိုဠ်ပြည် |

# မှတ်ဘွယ် ခုနှစ်များ

## အိန္ဒိယ

| | | |
|---|---|---|
| ဗုဒ္ဓမွေးနှစ် | ၅၆၇ | ခမ |
| ဗုဒ္ဓပရိနိဗ္ဗာန်စံနှစ် | ၄၈၇ | ခမ |
| ပထမ သံဂါယနာ | ၄၈၇ | ခမ |
| ဒုတိယ သံဂါယနာ | ၃၈၇ | ခမ |
| တတိယ သံဂါယနာ | ၂၄၃ | ခမ |
| အသောကနန်းတက် | ၂၇၂ | ခမ |
| အပြည်ပြည်သာသနာပြု | ၂၄၃ | ခမ |

## သီဟိုဠ်

| | | |
|---|---|---|
| ဒေဝါနမ္ပိယတိဿနန်းတက် | ၂၄၅ | ခမ |
| ရှင်မဟိန္ဒ သီဟိုဠ်ကြွ | ၂၄၃ | ခမ |
| သင်္ဃမိတ္တာ သီဟိုဠ်ကြွ | ၂၄၁ | ခမ |
| ရှင်မဟိန္ဒ ပျံလွန် | ၁၉၉ | ခမ |
| သင်္ဃမိတ္တာ ပျံလွန် | ၁၉၈ | ခမ |

## ဂျပန်

| | | |
|---|---|---|
| ဗုဒ္ဓဘာသာ ပထမကြိုးပမ်းမှု | ၅၂၂ | ခ |
| ဗုဒ္ဓဘာသာ ဒုတိယကြိုးပမ်းမှု | ၅၅၂ | ခ |

## တိဘက်

| | | |
|---|---|---|
| တိဘက်သို့ ဗုဒ္ဓဘာသာဝင် | ၆၄၁ | ခ |
| တိဘက်မှာသန္တရက္ခိတထေရ်သာသနာပြု | ၇၄၇ | ခ |
| တိဘက်မှာ ပဒုမသမ္ဘဝ | ၇၄၇ | ခ |
| တိဘက်မှာ ဒီပင်္ကရသီရိညာဏအတိသိ | ၁၀၃၈ | ခ |
| ပထမ ဒလိုင်လာမာ (တတေလာမာ) | ၁၆၄၀ | ခ |

## ခိုတန်

| | | |
|---|---|---|
| ခိုတန်သို့ ဗုဒ္ဓဘာသာဝင် | ၃၁၀ | ခမ |
| ခိုတန်ရဟန္တာဝေရောစန | ၅၈ | ခမ |

## တရုပ်

| | | |
|---|---|---|
| တရုပ်သို့ ဗုဒ္ဓဘာသာဝင် | ၆၅ | ခမ |
| တရုပ်ပြည်မှာ ကဿပ၊ မာတင်္ဂနှင့် ဓမ္မရက္ခ | | |

## ကိုရီးယား

| | | |
|---|---|---|
| ကိုရီးယားသို့ ဗုဒ္ဓဘာသာဝင် | ၃၃၆ | ခမ |

# သံဂါယနာတင်သမိုင်း

| အမှတ် | ဌာန | မင်းလက်ထက် | သာသနာသက္ကရာဇ် | ခရစ်သက္ကရာဇ် |
|---|---|---|---|---|
| ပထမ | ရာဇဂြိုဟ် | အဇာတသတ်မင်း | ပရိနိဗ္ဗာန်စံပြီး | သုံးလကြာ ၄၈၇ ခ၊ မ |
| ဒုတိယ | ဝေသာလီ | ကာလာသောက(သို့) မဟာသောကမင်း | (၁၀၀)ခု | ၃၈၇ ခ၊ မ |
| တတိယ | ပါဋလိပုတ္တ | သီရိဓမ္မာသောကမင်း | (၂၄၄)ခု | ၂၄၃ ခ၊ မ |
| စတုတ္ထ | သီဟိုဠ်ပြည် | | (၄၅၀)ခု | ၁၀၁၊ ၇၇ ခ၊ မ အတွင်း |
| | မလယဇနပုဒ် | ဝဋ္ဋဂါမဏိမင်း | | အချို့ဆရာတို့အယူမှာ ၁၈၈-၄၆၊ ခ၊ မ အတွင်း |
| | ကက်ရှ်မီး(သို့)ဂျလန္ဓာ | ကနစ်သျှကမင်း | (၆၄၄)ခု | ၁၀၀ ခ၊ ပ |

မှတ်ချက်။ ။စတုတ္ထ သံဂါယနာတင်သမိုင်းကို နှစ်မျိုးယူဆကြသည်။

| | | | | |
|---|---|---|---|---|
| ပဉ္စမ | မန္တလေး | မင်းတုန်း | ၂၄၁၅-ခု | ၁၈၇၁ ခ၊ ပ |
| ဆဋ္ဌ | ရန်ကုန် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ | | ၁၉၅၄ ၁၉၅၆ ခ၊ ပအတွင်း |

ခ-မ=ခရစ်မပေါ်မီ၊
ခ-ပ=ခရစ်ပေါ်ပြီး။

# ဗုဒ္ဓသာသနာပြန့်ပွါးပုံသမိုင်း

ဗုဒ္ဓဝင်ပြပွဲ မြေပုံကြီးပေါ်တွင် အတိုင်းတိုင်း အပြည်ပြည်သို့ ဗုဒ္ဓသာသနာ ပြန့်ပွါးလျက်ရှိရာ ခရီးလမ်းကြောင်းကြီးများကိုလည်း ဖော်ပြထား ရှိပါသည်။

ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်ဝယ်သာသနာပြု လုပ်ငန်းကိုအစောဆုံးဆောင်ရွက်ခဲ့သော သာသနာကြီးဖြစ်သည်။ မည်မျှ စောပါသနည်းဟူမူ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် စတင်ခဲ့ခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပဥ္စဝဂ္ဂီငါးဦးတို့ကို တရားဦးဟောတော်မူခဲ့ရာ အားလုံး ဧဟိဘိက္ခု ရဟန်းများအဖြစ် ရောက်ခဲ့ကြသည်။ ထို့နောက် သူဌေးသား ယသကို၎င်း၊ ယသ၏မိတ်ဆွေများဖြစ်ကြသော ဝိမလ သုဗာဟု ပုဏ္ဏဇိနှင့် ဂဝံပတိအမည်ရှိသော ပုဏ္ဏားလေးယောက်တို့ကို၎င်း၊ ထို့နောက် သူဌေးသား ငါးကျိပ်တို့ကို၎င်း၊ ဘုရားရှင်မှသည် တရား ဟောကြားတော်မူခဲ့ရာ ၎င်းတို့အားလုံးသည်လည်း ဧဟိဘိက္ခု ရဟန်းတော်များအဖြစ်သို့ ရောက်ခဲ့ကြသည်။

သို့ဖြင့် ကမ္ဘာလောကတွင် ရဟန္တာအပါး ၆၀ ရှိလာသောအခါ မြတ်စွာဘုရားရှင်သည် ၎င်းတို့အား ခေါ်ယူတော်မူပြီး သတ္တဝါ အပေါင်း၏ အကျိုးအလို့ငှါ အရပ်မျက်နှာ အသီးသီးသို့ ကြွရောက်ကြလျက် တရားတော်များကို ဟောကြားကြရန် မိန့်တော်မူခဲ့လေသည်။

ဤသို့ဖြင့်ဗုဒ္ဓသာသနာ၏သာသနာပြုသမိုင်း စတင်ခဲ့သည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များ သာသနာပြုခဲ့ကြရာတွင် မှတ်သားအပ်သော အချက်တရပ်မှာ ဗုဒ္ဓဘာသာရဟန်းတော်များသည် သတ္တဝါအများအား ဒုက္ခအေးငြိမ်းလျက် အကျိုးဖြစ်ထွန်းစေလိုသော မေတ္တာစိတ်မှတပါး အခြားမည်သည့် လက်နက်ကိုမျှ ကိုင်ဆောင်သုံးစွဲခဲ့ခြင်း မရှိခဲ့ကြခြင်းပင်။ သာသနာပြု အရှင်မြတ်များသည်သပိတ်ကိုပိုက်လျက် တတောင်တက်ဆင်း တတောနင်းလျက်နှင့် ခဲယဉ်းပင်ပန်းစွာဖြင့် သာသနာတော်အား ဖြန့်ချိခဲ့ကြရပေသည်။ ရသမျှသော အာဟာရနှင့် ရောင့်ရဲမျှတလျက် ဖြစ်သလို သီတင်းသုံးနေထိုင်ကာ ဗုဒ္ဓ၏ အဆုံးအမများကို ဖြန့်ချိခဲ့ကြသည်မှာ ယနေ့ ကမ္ဘာအနှံ့ ပြန့်သွားသည့်တိုင်ပင် ဖြစ်တော့သည်။

တဖန် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက်၌ သီရိဓမ္မာသောက (ဝါ) အသောကမင်းကြီး (EMPEROR ASOKA)သည် ခရစ်တော်မပေါ်မီ ၃၀၇-ခုနှစ်တွင်ကိုးတိုင်းကိုးဌာန

သောအရပ်ဒေသများသို့ သာသနာပြုအရှင်မြတ်များအား စေလွှတ်ကြွရောက်စေလျက် သာသနာပြုစေခဲ့သည်။ ၎င်းကိုးတိုင်း ကိုးဌာနအား ယခုခေတ် အခေါ်အမည်များနှင့် ယှဉ်တွဲဖော်ပြရသော်—

၁။ ကသ္မီရဂန္ဓာရတိုင်းသို့ မဇ္ဈန္တိကမထေရ်နှင့် အခြားလေးပါး (ယခုခေတ်အခေါ် ကက်ရှ်မီးနှင့် အာဖဂန်နစ္စတန်နယ်များ)။

၂။ မဟိံသကတိုင်း (ယခုခေတ် မိုက်ဆိုးနယ်နှင့် ကနာရနယ်များ)သို့ မဟာဒေဝထေရ်နှင့် အခြားလေးပါး။

၃။ ဝနဝါသီတိုင်း (ယခုကန္နဒနယ်၊ တမီလ်၊ တေလုဂူနှင့်မလဘာနယ်များ)သို့ ရက္ခိတထေရ်နှင့် အခြားလေးပါး။

၄။ အပရန္တကတိုင်း (ယခုအိန္ဒိယပြည် အနောက်ပိုင်း ဆင်းဘလူးချီစတန်နှင့် ဆော်ရပ်ရှ်တရာနယ်များ)သို့ ယောနက ဓမ္မရက္ခိတထေရ်နှင့် အခြားလေးပါး။

၅။ မဟာရဋ္ဌတိုင်း (ယခုအိန္ဒိယပြည် မဟာရပ်ရှ်တြာနယ်) သို့ မဟာဓမ္မရက္ခိတထေရ်နှင့်အဖွဲ့။

၆။ ယောနကတိုင်း ပန်းသေးပြည် (အချို့က ယခု ဂရိကို ဘက်ထရီယန်ပြည်များ ဖြစ်ကြသော ဆီးရီးယား၊ အီဂျစ် စသည်တို့ဖြစ်ကြောင်း ယူဆကြရာ အချို့ကလည်း တရုပ်ပြည် ယူနန်နယ်ကို ဆိုလိုခြင်းဖြစ်ကြောင်း ယူဆကြသည်)သို့ မဟာရက္ခိတထေရ်နှင့် အခြားလေးပါး။

၇။ ဟိမဝန္တာအရပ် ယခု နီပေါ၊ တိဘက်၊ ဘူတန်၊ ဆစ်ကင်းစသောတိုင်းပြည်များ) သို့ မဇ္ဈိမထေရ်နှင့် အခြားလေးပါး။

၈။ သုဝဏ္ဏဘူမိ(သုဝဏ္ဏဘူမိအား များသောအားဖြင့် မြန်မာပြည်ဟု ယူဆရသည်။ ယိုးဒယားလောနှင့် ကမ္ဘောဒီးယားပြည်တို့တွင်လည်း သောဏထေရ်၊ ဥတ္တရထေရ်တို့အကြောင်း အစဉ်အလာ မှတ်သားချက်များ တည်လျက် ရှိပေသည်) သို့ သောဏထေရ်၊ ဥတ္တရထေရ်နှင့်အခြားသုံးပါး။

၉။ လင်္ကာဒီပ (သီဟိုဠ်ပြည်)သို့ ရှင်မဟာမဟိန္ဒနှင့် အခြားလေးပါး—

တို့စသဖြင့် အသီးသီး ကြွရောက်ကြလျက် သာသနာပြုတော်မူခဲ့ကြပေသည်။

အထက်ပါ အသောကမင်းကြီး၏ သာသနာပြုလုပ်ငန်းစဉ်အပြင် အခြားသော ရဟန်းတော်များ၊ တိုင်းပြည်များ၏ အဆင့်ဆင့်သော သာသနာပြု လုပ်ငန်းများလည်း ဆက်လက်၍ ရှိခဲ့သေးသည်။

၁။ တရုပ်ပြည် ဟန်မင်းဆက်တပါး ဖြစ်သော "မင်းကို"မင်းသည် ခရစ်သက္ကရာဇ် ၆၅-ခုနှစ်၌ တရုပ်ပညာရှိ ၁၈-ဦးတို့အား အိန္ဒိယပြည်သို့ စေလွှတ်ခဲ့သည်။ ၎င်းတရုပ်ပညာရှိများသည် အိန္ဒိယတွင် ၁၁-နှစ်ကြာမျှ ဗုဒ္ဓတရားတော်များကို လေ့လာကြပြီး တရုပ်ပြည်သို့ ပြန်ကြသောအခါ မဂဓတိုင်းမှ ပညာရှင် ရဟန်းတော်များ ဖြစ်ကြသည့် ကဿပထေရ်နှင့် ဓမ္မရက္ခိတထေရ် တို့သည်လည်း ၎င်းတို့နှင့်အတူ တရုပ်ပြည်သို့ လိုက်ပါကြွကြလျက် သာသနာပြုခဲ့ကြသည်။

၂။ ၈-ရာစု ခေတ်၌ နာလန္ဒာ တက္ကသိုလ်၏ ကျောင်းအုပ်ကြီးဖြစ်သော သန္တိရက္ခိတ ထေရ်သည် တိဘက်ပြည်သို့ သာသနာပြုရန် ကြွတော်မူခဲ့သည်။ သို့သော် ကောင်းစွာ အောင်မြင်ခြင်းမရှိသေးမီ သန္တိရက္ခိတထေရ်သည် အိန္ဒိယသို့ ပြန်ကြွလာတော်မူရပြီး အခြားရဟန်းတော် တပါးဖြစ်သည့် ပဒ္မသမ္ဘဝသည် တိဘက်ပြည်သို့ကြွရောက်တော်မူသည်။ ၎င်းရဟန်းတော်အား တိဘက်ပြည်မှများစွာကြည်ညိုကြလေရာ မကြာမီပင် တိဘက်ပြည်လုံးလိုလိုပင် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။ နောက်ပိုင်းတွင်လည်း သန္တိရက္ခိတထေရ်နှင့် သီတင်းသုံးဖော်များ ဖြစ်ကြသော အရိယ

ဒေဝ၊ ဗုဒ္ဓကိတ္တိ၊ ကုမာရသီရိတို့သည် ဗုဒ္ဓကျမ်းစာများအား သက္ကဋ္ဌဘာသာမှ တိဘက်ဘာသာသို့ ပြန်ဆိုခဲ့ကြလေသည်။

၃။ ကိုရီးယားပြည်သို့ သက္ကရာဇ် ၃၇၆-ခုနှစ်၌ တရုပ်ပြည်မှ ဆန်ဒိုအမည်ရှိ ရဟန်းတော်တပါး ကြွရောက်လာပြီး စတင်သာသနာ ပြုတော်မူခဲ့သည်။ သက္ကရာဇ် ၃၈၄-ခုနှစ်တွင်လည်း တရုပ်ရဟန်းတော် မတ်(စ်)မောင်မှသည် ကိုရီးယားသို့ ထပ်မံကြွရောက်သာသနာပြုသည်။

၄။ တဖန် သက္ကရာဇ် ၅၂၂-ခုနှစ်တွင် ကိုရီးယားပြည်မှ ရဟန်းတော် သီဝတဿအရှင်လည်း ဗုဒ္ဓဆင်းတုတော်တဆူကို ပင့်ဆောင်ကာ ဂျပန်ပြည်သို့ကြွရောက်လျက်ပထမဦးဆုံး သာသနာပြုခဲ့လေသည်။ ဂျပန်ပြည်သည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်လာစေရန် ကိုရီးယားပြည်မှ သီလရှင်များကလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။


၅။ ကက်ရှ်မီးနယ်မှ ရဟန္တာအရှင် ဝေရောစနသည် ခိုတန်ပြည်သို့ သာသနာပြုရန် ပထမဦးဆုံးအဖြစ် ကြွရောက်တော်မူခဲ့လေသည်။ ခရစ်တော်မပေါ်မီ ၅၃-ခုနှစ်တွင် တဖန် မန္တရာသိဒ္ဓိရှင်လည်း ခိုတန်သို့ ကြွရောက်တော်မူခဲ့လေသည်။

၆။ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လော၊ ဗီယက်နမ် စသော နိုင်ငံများမှာမူ ရှေးကတည်းက အိန္ဒိယပြည်နှင့် ကူးသန်းသွားလာမှုရှိပြီး ဖြစ်သည့်အတိုင်း အိန္ဒိယကုန်သည်များမှတဆင့် ဗုဒ္ဓသာသနာနှင့် ယဉ်ကျေးမှုကို ရရှိခဲ့ကြသည်။

၇။ ဆူမတြာ၊ ဂျာဗား၊ ဘာလီ၊ ဘော်နီယို၊ မလေး စသော ဒေသများမှာလည်း ဖော်ပြပါ ရှေးနည်း အတိုင်းပင် အိန္ဒိယ ကုန်သည်များမှတဆင့် ဗုဒ္ဓသာသနာကို လက်ခံကိုးကွယ်ကြ ပေသည်။

ဖော်ပြခဲ့ပြီးဖြစ်သော ဗုဒ္ဓသာသနာပြု သမိုင်းစဉ် တလျှောက်ပါ ဒေသများ၊ တိုင်းပြည်နိုင်ငံများ အားလုံးပင် ဗုဒ္ဓဝင်ပြပွဲ မြေပုံကြီးပေါ်တွင် ဖော်ပြထားသည်။ ဤမျှ ကျယ်ဝန်းသော အာရှတိုက်တခုလုံး နီးပါးသို့ အခက်အခဲ အမျိုးမျိုးကို ကျော်လွှားလျက် ဗုဒ္ဓသာသနာတော်ကို ဖြန့်ချိနိုင်ခဲ့ကြသော ရှေးဗုဒ္ဓဘာသာဝင်များ၏ လုံ့လဝီရိယကို ချီးကျူးလေးစားဘွယ်ရာ တွေ့မြင်နိုင်ပေသည်။ မြေပုံပေါ်မှ ဗုဒ္ဓသာသနာ ဖြာထွက်ပြန့်ပွါးခဲ့ပုံကို တွေးလျက် ကြည်ညိုဘွယ် သဒ္ဓါပွါးများနိုင်ကြ ပေသည်။ ၎င်းပြင် ဗုဒ္ဓသာသနာ၏ သမိုင်းစဉ်၌ သာသနာပြု လုပ်ငန်း အတွက်နှင့် အကြမ်းဖက်မှု၊ သွေးထွက်သံယိုမှု တစုံတရာမရှိခဲ့ခြင်းသည်ကား ဗုဒ္ဓဘာသာဝင်များ အားလုံး ဂုဏ်ယူကြရမည့် အချက်ကြီးပင် ဖြစ်လေသည်။

ထို့ပြင် ပြပွဲကြီးတွင် ၎င်းမြေပုံကြီး အပြင် အတိုင်းတိုင်း အပြည်ပြည်မှ ဗုဒ္ဓဝင် ပုံတော်များ၊ ကျောင်းတော်များ၊ စေတီပုံတော်များကို ပန်းချီကား၊ ဓာတ်ပုံ စသည်တို့ဖြင့် စုံလင်စွာ ဗုဒ္ဓဘာသာဝင်များ ဂုဏ်ယူနိုင်ဘွယ်ရာ ပြသထားလျက် မြတ်ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒတော်များဖြင့်လည်း ဖြည့်စွက်ထားသေးသည်။



မိဂဒါဝုန်မှ မူလဂန္ဓကုဋိဝိဟာရကျောင်းတော်

# နိဂုံး

ဗုဒ္ဓဝါဒသည် ကမ္ဘာ့အရပ်ရပ်သို့ဓမ္မဒူတပုဂ္ဂိုလ်များ၏ဆောင်ရွက်မှုဖြင့် ပြန့်နှံ့သွားခဲ့ပြီး ယခုအခါ လူမျိုးပေါင်းစုံတို့မှ လက်ခံကိုးကွယ် ကြလျက်ရှိသည်။ ကမ္ဘာ့လူဦးရေ၏ သုံးပုံတပုံခန့်သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြလေသည်။ ဤသို့ဗုဒ္ဓသာသနာအား လူမျိုး တိုင်းပြည်မရွေး လက်ခံ ကိုးကွယ်ကြခြင်းမှာ ဗုဒ္ဓဝါဒသည် ကလေး လူကြီး၊ ဆင်းရဲချမ်းသာဇာတ်ဇာတိမရွေး လူတိုင်းအတွက် သင့်လျော်သော ဘာသာတရား ဖြစ်ခြင်းကြောင့်ပင်၊ ဗုဒ္ဓဝါဒသည် လူတမျိုး တိုင်းပြည် အတွက် မဟုတ်ဘဲ မနုဿလူသား တရပ်လုံးအတွက်သာဖြစ်သည်။ ဗုဒ္ဓဝါဒကား ကျဉ်းမြောင်းအောင် မည်သည့်နယ်နိမိတ်နှင့်မျှ ကန့်သတ်ထားခြင်းမရှိပေ။

အချို့သော ပုဂ္ဂိုလ်များသည် ဗုဒ္ဓဝါဒအား တမျိုး တဖုံ ရှုမြင်ကြလျက် ဗုဒ္ဓဝါဒဟူသည်မှာ 'ဒုက္ခသစ္စာ' ကို အခြေခံထားကြည့်ပြီး မျက်မှောက်ဘဝအတွက် အသုံးမဝင်သော နောင်ဘဝမျှော်ဝါဒ စိတ်ပျက်ဝါဒသက်သက်၊ ဆင်းရဲဒုက္ခ သက်သက်သာဟု ယူဆပြောဆို ရေးသားခြင်းများ ရှိပေသည်။ စင်စစ် ဤပုဂ္ဂိုလ်တို့သည် ဗုဒ္ဓဝါဒကို အမှန်အတိုင်း သိရှိ နားလည် သဘောပေါက်ထားခြင်းမရှိဟုသာ ယူဆဘွယ်ရာရှိသည်။


မြတ်ဗုဒ္ဓ၏ တရားတော်များတွင် နောင်ဘဝနှင့်စပ်လျဉ်း၍ ဟောကြားချက်များ ပါရှိသကဲ့သို့ပင် ပစ္စုပ္ပန်ဘဝ သာယာချမ်းမြေ့ရေးအတွက် ဟောကြားချက်များလည်း ပါရှိပေသည်။ မင်္ဂလသုတ်သိင်္ဂါလောဝါဒသုတ် စသည်တို့သည် လူတို့၏ မျက်မှောက်ဘဝနေထိုင်သွားလာ ဆက်ဆံရေးတို့အတွက် ပြည့်စုံစွာ ပြဋ္ဌာန်းထားသော တရားတော်များပင် ဖြစ်သည်၊ ၎င်းပြင် ဗုဒ္ဓသည် လောက၏ ဆင်းရဲခြင်း တခုတည်းကိုသာ ဟောကြား ထားခဲ့ခြင်းမဟုတ်ဘဲ ဆင်းရဲခြင်း၏ အကြောင်းတရား၊ ဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာ၊ ဆင်းရဲခြင်း၏ ချုပ်ငြိမ်းရန်ကျင့်ကြံရမည့်နည်းလမ်းများကိုပါ လိုလေသေးမရှိ တပါတည်း ပြည့်စုံစွာ ဟောကြားထားတော်မူခဲ့လေသည်။

မြတ်ဗုဒ္ဓသည် ရောဂါကိုသာ သိပြီး ဆေးမသိသော ဆေးဆရာကဲ့သို့မဟုတ်မူပဲ ရောဂါကိုလည်း သိ၊ ရောဂါ၏ အကြောင်းကိုလည်း နားလည်ကာ ရောဂါကို အမြစ်ပါပြတ်အောင် ကုသနိုင်သော လောက၏ သမားတော်ကြီးပင် ဖြစ်သည်။ သို့ကြောင့်လည်း မြတ်ဗုဒ္ဓအား 'ဘေသဇ္ဇဂုရု'ဟူသော ဂုဏ်တော်ဖြင့် ပူဇော်ကြခြင်း ဖြစ်သည်၊ သို့ဖြစ်၍ ဗုဒ္ဓဝါဒဟူသည် ဆင်းရဲဝါဒ၊ စိတ်ပျက်ဝါဒ သက်သက်မဟုတ်ချေ။

ထို့ပြင် လက်တွေ့ကျခြင်းသည် ဗုဒ္ဓဝါဒ၏ ထူးခြားချက်တရပ်ဖြစ်သည်။ ဗုဒ္ဓဝါဒသည် နောင်ဘဝကျမှသာအကျိုးပေးသောဝါဒမဟုတ်ချေ။ ဗုဒ္ဓဝါဒသည် ကျင့်ကြံအားထုတ်လျှင် အားထုတ်ခြင်း အကျိုးခံစားရသော ဝါဒဖြစ်သည်။ ထို့ကြောင့်ပင် တရားတော်၏ ဂုဏ်တော်တွင် "အကာလိကော" (အချိန်မရွေး အကျိုးပေး၏) "ဧဟိပဿိကော"(ယခုလာ၍ ကျင့်ကြံအားထုတ်ကြည့်ပါ) စသည်ဖြင့် ကျေညာခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓဝါဒသည် လူတို့၏စိတ်ပိုင်းဘဝ တိုးတက်ကောင်းမွန်စေရေးအတွက် ထက်မြက်သော ဆေးတပါးဖြစ်လေသည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမ အတိုင်းသာ လိုက်နာ ကျင့်သုံးကြသည်ရှိသော် ဤကမ္ဘာလောကကြီးသည် အလွန်သာယာချမ်းမြေ့လာမည်မှာ မလွဲပင်။ သို့ကြောင့်တရားတော်နှင့်အညီ လောကကြီးတခုလုံး ငြိမ်းချမ်းသာယာအောင် ဝိုင်းဝန်း ကြိုးပမ်းသင့်ကြပေသည်။

ဗုဒ္ဓသာသနာသည် လူသားတို့အတွက် ဤသို့မြတ်လှသော ရတနာတပါးဖြစ်သည်။ ဘုရားရှင်နှင့်စပ်လျဉ်းရာ ဗုဒ္ဓဝင်ဌာန အရပ်များသည်ကား ဤမွန်မြတ်လှသော သာသနာတော်အတွက်သက်သေခံ အထောက်အပံ့များပင် ဖြစ်ကြပေတော့သည်။



မြတ်ဗုဒ္ဓ၏ ခြေတော်ရာပုံ

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

# ဗုဒ္ဓဝင်ပြပွဲနှင့် သနန္တန ဓမ္မပါလကအဖွဲ့

သနန္တန ဓမ္မပါလကအဖွဲ့သည် မြန်မာနိုင်ငံ၌ လွန်ခဲ့ပြီးသော (၂၃) နှစ်ကျော် ကတည်းက တည်ရှိလာခဲ့ပေသည်။ သနန္တန ဓမ္မပါလကဟူသော အမည်အနက်မှာ (သနန္တန) ရှေးကျသော အစဉ်အလာ (ဓမ္မ) တရားတော်မြတ် (ပါလက) စောင့်ရှောက်သူများ အဖွဲ့ဖြစ်သည်။

**သနန္တန ဓမ္မပါလကအဖွဲ့၏ ရည်ရွယ်ချက် ၂-ရပ်မှာ**

၁။ ရှေးကျသော တရားတော်မြတ်များအား ထိန်းသိမ်း စောင့်ရှောက်ရန်။

၂။ ကလေးသူငယ်များ သာသနာ့ဘောင်တွင် သက်ဝင်ယုံကြည်ပြီး ကိုယ်ကျင့်တရားနှင့် စာရိတ္တ မဏ္ဍိုင် ကြံ့ခိုင်ရေးအတွက် လေ့ကျင့်ပြုစုပေးရန်တို့ ဖြစ်သည်။

ဤရည်ရွယ်ချက်နှင့်အညီပင် ကမ္ဘာ၏ ရှေးကျသော တရားတော်တပါးဖြစ်သည့် ဗုဒ္ဓတရားတော်မြတ် စည်ပင်သာယာရေးအတွက် တနည်းတဖုံ အထောက်အကူပြုနိုင်မည့် နည်းလမ်းများကို ကြံဆခဲ့ပြီး ဗုဒ္ဓဝင်ပြပွဲများကို ခင်းကျင်းပြသခဲ့လေသည်။ ဗုဒ္ဓဝင်ပြပွဲအား သာသနာ (၂၅၀၀)ပြည့် ဆဋ္ဌသံဂါယနာ တင်ပွဲ ကျင်းပခဲ့သည့် ၁၉၅၆-ခုနှစ်တွင် ကမ္ဘာအေးကုန်းမြေ၌ စတင် ခင်းကျင်း ပြသခဲ့ခြင်း ဖြစ်လျက် ယနေ့တိုင် အောက်ပါ မြို့ကြီးများတွင်လည်း ပြသခဲ့ပြီး ဖြစ်သည်။

| ခုနှစ် | နေရာဌာန |
|---|---|
| ၁။ ၁၉၅၆-ခုနှစ်၊ မေလ | ဗုဒ္ဓဇယန္တီပွဲတော်၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။ |
| ၂။ ၁၉၅၇-ခုနှစ်၊ မေလ | အိမ်တော်ရာ ဘုရားပွဲတော် မန္တလေးမြို့။ |
| ၃။ ၁၉၆၄-ခုနှစ်၊ စက်တင်ဘာလ | မြို့ဒေါင့်စေတီပွဲတော်၊ ရွှေဘိုမြို့။ |
| ၄။ ၁၉၆၇-ခုနှစ်၊ စက်တင်ဘာလ | မုံရွာမြို့ ဘုရားပွဲတော်၊ မုံရွာမြို့။ |
| ၅။ ၁၉၇၁-ခုနှစ်၊ မတ်လ | မေမြို့တည် (၇၅) နှစ်မြောက် စိန်ရတုသဘင်ပွဲတော်၊ မေမြို့။ |
| ၆။ ၁၉၇၂-ခုနှစ်၊ မေလ | ဆုတောင်းပြည့် ဘုရားပွဲ၊ ကျောက်တံခါးမြို့။ |
| ၇။ ၁၉၇၃-ခုနှစ်၊ နိုဝင်ဘာလ | တာ၀တိံသာ ဘုရားကျောင်း၊ တန်ဆောင်မုန်း ပွဲတော်၊ ပုသိမ်မြို့။ |
| ၈။ ၁၉၇၄-ခုနှစ်၊ မတ်လ | ရွှေတိဂုံစေတီတော်မြတ်၊ တပေါင်းလပွဲတော်၊ ရန်ကုန်မြို့။ |

၉။ ၁၉၇၄-ခုနှစ်၊ ဧပြီလ ရွှေမော်ဓောဘုရားပွဲတော်၊ ပဲခူးမြို့။
၁၀။ ၁၉၇၅-ခုနှစ်၊ ဖေဖော်ဝါရီလ ကျိုက္ကဆံ ဆံတော်ရှင်ဘုရားပွဲတော်၊ သင်္ကန်းကျွန်း။
၁၁။ ၁၉၇၅-ခုနှစ်၊ မတ်လ ကမ္ဘာအေးစေတီ ဗုဒ္ဓပူဇနီယပွဲတော်၊ ရန်ကုန်မြို့။
၁၂။ ၁၉၇၅-ခုနှစ်၊ မတ်လ ၂၅၆၃-ကြိမ်မြောက် ရွှေတိဂုံစေတီတော်မြတ် တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော်။
၁၃။ ၁၉၇၅-ခုနှစ်၊ ဧပြီလ မိုးကောင်းစေတီဘုရားပွဲတော်၊ ရန်ကုန်မြို့။
၁၄။ ၁၉၇၅-ခုနှစ်၊ ဧပြီလ ရွှေမော်ဓောစေတီ ဘုရားပွဲတော်၊ ပဲခူးမြို့။
၁၅။ ၁၉၇၅-ခုနှစ်၊ မေလ ရွှေဆံတော်စေတီ ဘုရားပွဲတော် တောင်ငူမြို့။
၁၆။ ၁၉၇၅-ခုနှစ်၊ မေလ သတ္တဋ္ဌာနစေတီ ဘုရားပွဲတော် သာစည်မြို့။
၁၇။ ၁၉၇၅-ခုနှစ်၊ အောက်တိုဘာလ မြသလွန်စေတီ ဘုရားပွဲတော် မကွေးမြို့။
၁၈။ ၁၉၇၅-ခုနှစ်၊ နိုဝင်ဘာလ ရွှေဆံတော်စေတီ ဘုရားပွဲတော် ပြည်မြို့။
၁၉။ ၁၉၇၆-ခုနှစ်၊ ဖေဖော်ဝါရီလ ကျိုက္ကဆံစေတီတော် သင်္ကန်းကျွန်း၊ ရန်ကုန်မြို့။

ထို့ပြင် ၁၉၇၄-ခုနှစ်မှ စတင်လျက် အမြဲတန်း ဗုဒ္ဓဝင်ပြပွဲ ကော်မီတီတရပ်အား သီးသန့် ဖွဲ့စည်းထားပြီးဖြစ်ကာ ၎င်း ကော်မီတီ၏ အစီအစဉ်ဖြင့် သနန္တန ဓမ္မပါလကအဖွဲ့မှ ဆောင်ရွက်မပေးလျက်ရှိသည်။

၎င်းပြင် သနန္တနဓမ္မပါလကအဖွဲ့၏ တခြားရည်ရွယ်ချက် တရပ်ဖြစ်သည့် ကလေးသူငယ် များအား ပြုစုပျိုးထောင်ရေးနှင့် စပ်လျဉ်း၍ သနန္တန ဓမ္မပါလက ကလေးသူငယ်များ စောင့်ရှောက်ရေးစခန်းကို ရွှေဘိုမြို့တွင် ဖွင့်လှစ်ထားရှိသည့်ပြင် နှစ်စဉ်လည်း နွေရာသီကျောင်းပိတ်ရက်အတွင်း တနိုင်ငံလုံးမှ ကလေးသူငယ်များအတွက် ကာယ ဉာဏ သင်တန်းများ ပြုလုပ်ကာ လေ့ကျင့်ပို့ချပေးလျက်ရှိသည်။ ဤသို့ ပို့ချရာတွင်သာသနာပြု အသောကမင်းကြီး၏ မိန့်မှာချက်ဖြစ်သော—

"ဒေဝါနံ ပိယ မည်သော မင်းတရားကြီးသည် ဤသို့ တဖန် မိန့်ဆိုတော်မူ၏။

မိဘတို့၏ စကားကို နားထောင်ကြစေ။ လူကြီးသူမတို့၏ ဆိုဆုံးမကို နာယူကြစေ။ သက်ရှိ သတ္တဝါတို့အား သနားကြင်နာခြင်း ခိုင်မြဲကြစေ။ မှန်ကန်သော စကားကို ပြောဆိုကြစေ။ ဤ ဓမ္မတရားတို့ကို လိုက်နာကျင့်ဆောင်ကြကုန်။

ထိုနည်းအတူ တပည့်တို့သည် အာစရိယဆရာတို့အား ရိုသေကိုင်းရှိုင်းကြစေ။ ဆွေမျိုးဉာတကာတို့အား ကောင်းစွာပြုမူ ကျင့်ဆောင်ကြစေ။

ဤသည်ကား ရှေးအစဉ်အလာထုံးနည်းဖြစ်၍ အသက်ရှည်ခြင်းသည် မည်ပေသည်။
သို့ကြောင့် လိုက်နာ ကျင့်ဆောင်ကြရာ၏။"

ဟူသော ရှေးထုံးစဉ်လာ ဝတ္တရားများနှင့် အညီအညွတ်ဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပေသည်။

# ဗုဒ္ဓဝင်ပြပွဲသို့ ထင်မြင်ချက်များ

အနယ်နယ်အရပ်ရပ်တွင်ကျင်းပသော တန်းခိုးကြီးဘုရားပွဲတော်တို့၌ဗုဒ္ဓဝင်ပြပွဲကို ခင်းကျင်းပြသခဲ့စဉ်က လာရောက်ကြည့်ရှုတော်မူကြသော ရဟန်းသံဃာများ၊ လုပ်သား ပြည်သူများနှင့် သံအဖွဲ့ဝင်များတို့မှ မိမိတို့၏ ထင်မြင်ချက်၊ အကြံပြုချက်များကို ရေး သားခဲ့ကြရာ အချို့ကို ကုတ်နုတ်၍ အောက်တွင် ဖော်ပြအပ်ပါသည်။

၁။ ယနေ့ (၃-၃-၇၄)နေ့နံနက်တွင် အောက် အမည်ပါ ရန်ကုန်မြို့မှ ကျောင်းထိုင်အဖွဲ့ဝင် ဆရာ တော် ဘုန်းကြီးများသည် ဤ ဗုဒ္ဓဝင် ပြပွဲသို့လာ ရောက် ကြည့်ရှုတော်မူကြသည်။

စိတ်ဝင်စားဘွယ်ရာ အားရနှစ်သက်ဖွယ်ရာ ဝမ်းမြောက်ကြည်ညိုဘွယ်ရာ သာသနာထွန်းလင်း ရာ ဌာနတို့ကို တွေ့ရသဖြင့် လွန်စွာကြည်နူးအထူး နှစ်သက်တော်မူကြသည်။ သာသနာတော်ကြီး ကြီးပွါးရေးအတွက် အလွန်ကောင်းသော နည်း ကောင်းလမ်းပြကြီးတခု ဖြစ်သဖြင့် ပြပွဲကော်မီတီ အား ကျေးဇူးတင်ကြသည်။

ရှေ့ကိုဆက်လက်၍ ကြိုးစားကြရန်ကို တိုက် တွန်းတော်မူကြသည်။ ထာဝစဉ် နေရာတခုအဖြစ် တည်ထား၍ ပြတိုက်ကြီးတခု တည်ဆောက်ထား ကြရန် တိုက်တွန်းတော်မူကြသည်။

၁။ စက်ာပူဆရာတော် ဦးဝိသာရဒ။

၂။ ဆရာတော် ဦးသေဋ္ဌိလ။

၃။ ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ။

၄။ ဆားလင်းဆရာတော် ဦးပညာဝံသ။

၅။ နေရင်းဦးကောဝိဒဆရာတော်။

၆။ စက်ာပူတိုက်အုပ်ဆရာတော် ဦးဝိသုဒ္ဓ။

၇။ ရွှေဟင်္သာတောရ ဆရာတော်။

၂။ သာသနာရေးအတွက် အကျိုးများပါ၍ အရှည်ခိုင်ခံ့စွာ တည်နိုင်အောင် ကြိုးစားဆောင် ရွက်စေလိုကြောင်း။

**ဆရာတော် ဦးစက္ကိန္ဒ**

ကျားကူးဓမ္မဗိမာန်၊ ရွှေတိဂုံဘုရားလမ်း။

၃။ ယခုလို ဗုဒ္ဓသာသနာအတွက် လက်တွေ့ ကြည့်ရှုရခြင်းအားဖြင့် ဝမ်းမြောက်ပါကြောင်း။

**သဲအင်းဂူ ဉာဏသိရိ**

၄။ ဤဗုဒ္ဓဝင်ပြပွဲသည် မြန်မာပြည်ရှိ ခေတ်လူ ငယ်ကလေးများနှင့် ဗုဒ္ဓ၏ အယူအဆကို လိုက်နာ သူတို့အတွက် အားတက်စရာ အတုယူစရာ ယုံကြည် လေးစားရာ ယုံမှားမဲ့ ဗုဒ္ဓ၏ တရားတော်များကို လေးစားရန်နှင့် အားထုတ်နိုင်ရန် အထောက်အကူ ပြုသဖြင့် ဗုဒ္ဓဘာသာဝင်တို့အတွက် အလွန်တန်ဘိုး ရှိသော ပြပွဲတရပ်ဟု ယူဆရပါသည်။

**ထူးကြီးဆရာတော်။**

၅။ ထူးခြားလှသော ဤဗုဒ္ဓဝင်ပြပွဲကို ကြည့် ရှု၍ ကျွန်ုပ်များစွာ ဝမ်းမြောက် ရွှင်လန်းရပါ သည်၊ ဤပြပွဲသည် ယခင်ကာလများကထက် ယခု ခေတ် လူငယ်များအတွက် လိုအပ်လျက်ရှိသော ပြပွဲစင်စစ်ဖြစ်ပေသည်။

Frie Drich·V·Lustig (အရှင်အာနန္ဒာ)
အမေရိကန်နိုင်ငံမှ
ဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီး။

၆။ များစွာ အောင်မြင်ကျော်ကြားလျက် ရှိသော ထူးခြားသည့် ဤဗုဒ္ဓဝင်ပြပွဲကို လေးမြတ်ကြည်ညိုသဒ္ဓါစိတ် ပြည့်ဝစွာဖြင့် ကျွန်ုပ်နှင့် ကျွန်ုပ်၏ဇနီးတို့ လာရောက် ကြည့်ရှုကြပါသည်။ ဤပြပွဲ ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြသော ပုဂ္ဂိုလ်အပေါင်းတို့အားလည်း များစွာ ကျေးဇူးတင်ရှိကြသည်။

ဗုဒ္ဓဘာသာ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီး ပူးပေါင်းမှုကို ပိုမိုခိုင်မြဲစေရန် ဤသို့သော အားထုတ်ကြိုးပမ်းမှုမျိုးက ထူးခြားစွာအထောက်အကူပြုနိုင်မည်ဖြစ်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း အကူအညီ ဖြစ်စေနိုင်မည်ဟူ၍ ကျွန်ုပ်နှင့် ကျွန်ုပ်၏ ဇနီးတို့ ယုံကြည်မိကြသည်။

ELLIO PACCRELLI

မြန်မာနိုင်ငံဆိုင်ရာ အီတလီ သံအမတ်ကြီး။

၇။ ဗုဒ္ဓသာသနာတော်နှင့် ဗုဒ္ဓယဉ်ကျေးမှုဖြင့် ကောင်းချီး ပြုခံကြရသည့် ကမ္ဘာတဝှမ်းလုံးမှ တိုင်းပြည် လူမျိုးအားလုံးတို့အား ဤဗုဒ္ဓဝင်ပြပွဲမှ တဆင့် မြင်တွေ့နိုင်ခွင့်ရရှိခဲ့၍ ကျွန်ုပ်များစွာ ဝမ်းမြောက်လှပါသည်။

YONG-NAM-YOON

ကိုရီးယား သမတနိုင်ငံ ကောင်စစ်ဝန်ချုပ်။

ရန်ကုန်မြို့။

၈။ ၁၃၃၅ ခု၊ တပေါင်းလပြည့် ဗုဒ္ဓပူဇနီယ ပွဲတော်တွင် ပြသလျက်ရှိသော ဗုဒ္ဓဝင်ပြပွဲသည် ဗုဒ္ဓသာသနာ့ သမိုင်း၏မှတ်တမ်းများ ဖြစ်ရကား ဗုဒ္ဓဘာသာဝင် လူထုတို့အတွက် တစည်းတလုံးတည်း ပြည့်ပြည့်စုံစုံ ဗုဒ္ဓသမိုင်းကို ကြည်ညိုဘွယ်ရာ တွေ့မြင်ရသဖြင့် ဗုဒ္ဓအား လွှမ်းဆွတ်တသမိပါသည်။ အဆိုပါပြခန်းကို အမြဲတစေ ထားရှိပါက ဗုဒ္ဓဘာသာဝင်တို့အတွက် တန်ဘိုးမဖြတ်နိုင်သော သမိုင်းကိုရရှိပြီး စေတနာသဒ္ဓါတရားများ အလွန်ပင် တိုးပွါးဘွယ်ရာ ဖြစ်နိုင်လိမ့်မည်ဟု ယုံကြည်ယူဆပါကြောင်း။

ဦးခင်မောင်ကျော်

လက်ထောက်တိုင်းဦးစီးဌာနမှူး။

ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာန။

၉။ ဗုဒ္ဓဝင်ပြပွဲသည် အလွန်တရာ စိတ်ဝင်စားဘွယ်ကောင်းသည့်ပြင် ဗုဒ္ဓဘာသာ လူမျိုးများသာမက အခြားဘာသာဝင်များကိုပင် အသိတရား အကျိုးတရားပေးနိုင်သော ပြပွဲဖြစ်၍ အမြဲတန်းထားရှိနိုင်ပါက အလွန်ကောင်းသော ပြပွဲဖြစ်ပါမည်။ ဗုဒ္ဓဘာသာဝင်များ၏ ကလေးသူငယ်များကိုလည်း အသိပညာပေးနိုင်သည့်ပြင် တရားတော်ကိုလည်း နားလည်အားထုတ် ကြိုးစားနိုင်ရန် ပထမအဆင့်ပင် ဖြစ်ပါသည်။ ထာဝရထားရှိနိုင်ရန် ကျွန်တော် ကျွန်မတို့ အကြံပြုလိုက်ပါသည်။

ဦးအုန်း (သထုံ) (အတွင်းဝန်ဟောင်း)

နေ့စွဲ ၃-၃-၇၄။ ဒေါ်သန်းနွဲ့

ပြည်လမ်း၊ မာလာမြိုင် ကမာရွတ်။

၁၀။ဗုဒ္ဓသည် အပြည်ပြည်ဆိုင်ရာဖြစ်ကြောင်း ထင်ရှားစေသော ပြပွဲဖြစ်ပါ၏။

နေ့စွဲ ၇-၃-၇၄။ ဦးသိန်းဖေမြင့်

၁၁။ ဗုဒ္ဓသာသနာပြုရာ ထွန်းကားရာဒေသများကို တဒင်္ဂအတွင်း အာရုံပြု၍ ထူးမြတ်သော အကျိုးခံစားရပါသည်။

ဗိုလ်မှူးခင်မောင်လေး

၁၂။ ဤကဲ့သို့ ဗုဒ္ဓဝင်ပြခန်းကို မြေပုံနှင့် ဖူးမြော်တွေ့ရှိသဖြင့် ကျွန်တော်မှာ အလွန် ကုသိုလ်ထူးသည်ဟု ယူဆပါသည်။ မိမိ စိတ်ကိုလည်း တရားဘက်သို့ ကိုင်းညွတ်စေရန် ပိုမိုဆွဲဆောင်ပါသည်။ မြေပုံနှင့်တကွ မြတ်စွာဘုရား၏ မွေးဖွားသည့်နေရာ ဘုရားဖြစ်တော်မူသည့် နေရာနှင့် ပရိ

နိဗ္ဗာန်စံတော်မူသည့် နေရာများကို တွေ့ရှိပါသဖြင့် အလွန်ပင် ကြည်နူးမိပါသည်။

နေ့စွဲ ၅-၃-၇၄။ ဦးနိုင်
လက်ထောက်ရဲမင်းကြီးဟောင်း။

၁၃။ ဗုဒ္ဓဝင် ပြပွဲကြီးကို ပြသခြင်းဖြင့် ကျွန်တော်တို့ ၂၀ရာစုခေတ် လူငယ်များအနေဖြင့် များစွာ အကျိုးရှိပါသည်။ ယခုလို ဗုဒ္ဓဝင်ပြပွဲကြီးကို ပြသခြင်းဖြင့် ဗုဒ္ဓဖြစ်စဉ် အကြောင်းအရာများကို အတော်များများသိရ၍ ဝမ်းသာမိပါသည်။

၇-၃-၇၄။ ဉာဏ်သိန်း၊ မနွဲ့နှင့်မအေးယု

၁၄။ ကျမ၏ဘဝတသက်နှင့်တကိုယ်ယခုကဲ့သို့ ဗုဒ္ဓမြတ်စွာဘုရား၏သာသနာတော်ပြန့်ပွါးအောင် ပြခန်းများတွေ့ဘူး မမြော်မှန်းခဲ့ပါ။ယခုကဲ့သို့ကိုယ်ကိုယ်တိုင်ကမ္ဘာလှည့်ပြီးဗုဒ္ဓဘာသာမြတ်စွာဘုရား ဌာနများကိုဖူးတွေ့ရသကဲ့သို့ များစွာဝမ်းမြောက်ဝမ်းသာရှိလှပါသည်ရှင့်။

ဒေါ်ငွေငွေ
အောက်ကြည့်မြင်တိုင်၊အလုံ။

၁၅။ အထက(၂)၊ဗိုလ်တထောင်မှ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ဆရာမများဗုဒ္ဓဝင်ပြပွဲသို့ ဝင်ရောက်ကြည့်ရှုရသည့်အတွက် များစွာကျေးဇူးတင်ပါကြောင်း။သိရှိပြီးအကြောင်းအရာများဖြစ်သော်လည်း ပုံများနှင့်တကွ ထပ်လောင်းသိရှိရသည့်အတွက် များစွာအကျိုးရှိပါကြောင်း။

ဆရာမကြီးနှင့် ဆရာ-ဆရာမများ
အထက(၂)၊ဗိုလ်တထောင်။

၁၆။ ကျွန်တော်၏တသက်တာမှာတော့ ဤပွဲကြီးကို လာရောက်ဖူးမြော်ကြည့်ရသော နေ့သည် ဘုရားသခင် ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်က ဖူးမြော်ရဘိသည့်အလား ရှိပါသည်။ စိတ်အာရုံမှာလည်း အလွန်ပင် ပီတိသောမနဿ ဖြစ်လှပါတော့သည်။

ဦးခင်ဝင်း
၉၇-လမ်း၊ရန်ကုန်။

၁၇။ ဤကဲ့သို့ ဗုဒ္ဓသာသနာ ပြန့်ပွါးရေး ပြပွဲအား မြန်မာပြည်အနှံ့ မကြာခဏလုပ်နိုင်ပါစေ။

စာရေးဆရာ မောင်နေမျိုး။

၁၈။ ယခုကဲ့သို့ဗုဒ္ဓဝင်ပြပွဲကိုလာရောက်ကြည့်ရှုရ၍ဗုဒ္ဓ၏အတ္ထုပ္ပတ္တိနှင့်တကွ ဗုဒ္ဓသာသနာ၏ပြန့်ပွါးပုံတို့ကိုပါ ကျယ်ပြန့်စွာသိရှိသဖြင့် များစွာဝမ်းမြောက်ကြည်နူးမှု ခံစားရပါသည်ရှင့်။

မမျိုးမြင့်ရီ
ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ရန်ကုန်။

၁၉။ ဗုဒ္ဓမြတ်စွာတည်းဟူသောမဟာကရုဏာရှင် မဟာလူသားတဦး ဤလောက၌ တကယ်ပွင့်ပေါ်ခဲ့ဘူးပါသလားဟူ၍ (အချိန်ကြာသောအခါ ဒဏ္ဍာရီသဖွယ် မှေးလျော့ ပျောက်ကွယ် လာမှုကို တားဆီးပျက်ပြယ်စေပြီး)စိတ်တွင်ထင်ရှားလာပါသည်။ နောင်အဆက်ဆက် လူငယ်များအတွက် ခင်းကျင်းပြသသွားပါရန် လှိုက်လှဲစွာ ပန်ကြားအပ်ပါသည်။

နေ့စွဲ ၃-၃၊၇၄။ ဦးအောင်ရှိန်။

၂၀။ အချိန်အနည်းငယ်အတွင်း ဗုဒ္ဓဝင်ကိုရုပ်မြင်သံကြားအသွင် စီစဉ်ထားသည်မှာ အလွန်စိတ်ဝင်စားဘွယ်ရာ ကြည်ညိုစရာဖြစ်ပါသည်။

နေ့စွဲ ၂-၃-၇၄။ ဒေါက်တာဦးသိန်း
ဇီဝိတဒါန သံဃဆေးရုံ။

၂၁။ ဗုဒ္ဓဝင်၊ အဟုတ်ပင် တွေ့ရလို့၊ မွေ့လှစိတ်ထဲ။ ဖူးမဝနိုင်ဘဲ၊ ဦးချခါ-သာခု မြွက်မိတယ်၊ ခွဲထွက်နိုင်ဘဲ။

ဦးခင်သာ
နေ့စွဲ ၁-၃-၇၄။ ဇီးကုန်းအသင်း၊ဒု-ဥက္ကဋ္ဌ။

၂၂။ ဗုဒ္ဓသာသနာတော်ကြီး အစွန့်ရှည်စေသတည်းဟု ဤပြပွဲအားကြည့်ရှုအပြီး ဆရာတော်မှ အမိန့်ရှိသည်၊ ထိုထက်ကောင်းအောင် ပါဠိပညာရှိ၊ မြန်မာပညာရှိတို့နှင့်လည်း ဆွေးနွေးပြီး ကောင်းသည့်ထက် ကောင်းအောင် ကြီးပွါးသည်ထက် ကြီးပွါးအောင် သာသနာတော် အတွက် ယထာဘူတ အမှန်အကန် ကျပြီးလျှင် အားလုံးတိုးပွါးအောင် ကြိုးစားအားထုတ်ကြပါဟု ဆရာတော်က အထူးတိုက်တွန်းပါသည်။

ဆရာတော် ဦးတေဇနိယ

နိုင်ငံလုံးဆိုင်ရာ ပါဠိတက္ကသိုလ် ဗဟိုဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝိနည်းဓိုရ်အဂ္ဂမဟာပဏ္ဍိတဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်။ နေ့စွဲ ၁၆၊၁၊၇၅။

၂၃။ ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ အစွန့်ရှည်နိုင်ပါစေ။ ဗုဒ္ဓဝင်ပြခန်းကို လေ့လာကြည့်ရှုရခြင်းအားဖြင့် အတိုင်းတိုင်းအပြည်ပြည်မှ ဗုဒ္ဓဘာသာဝင်များသာမက အခြားဘာသာဝင်များပါ စိတ်ပါဝင်စားနိုင်ကြောင်း လေ့လာမိပါသည်။

၁၂-၁၁-၇၅ မောင်မိုးဆွေ

ဒု-လက်ထောက်အင်ဂျင်နီယာ၊
လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၊ ပြည်မြို့။

၂၄။ မနှစ်က အစီအစဉ်ထက် ဒီနှစ်အစီအစဉ် အထားအသို ပို၍ကောင်းပါသည်။ ရှေ့နှစ်လည်း ပို၍ တိုးတက်ပါစေလို့။

သော်ဇင်

(စာရေးဆရာ)။

၂၅။ ဗုဒ္ဓဝင်ပြပွဲသည် ဗုဒ္ဓသာသနာပြန့်ပွါးရေးအတွက် များစွာ အထောက်အပံ့ ဖြစ်နိုင်သည်ဟု ယူဆပါသည်။ဗုဒ္ဓဘာသာဝင်အပေါင်းတို့တတ်နိုင်သမျှ ကြိုးစား၍ လာရောက်ကြည့်ရှုသင့်ပေသည်။

ဟက်တိုး
ဦးအုန်းဖေ
မြန်ကြားရေးဦးစီးဌာန။

၂၆၊ ဗုဒ္ဓဝင်ပြပွဲကြီးသည် ဗုဒ္ဓဝင်စာပေပြုစုသူများအတွက် သော်၎င်း၊ ဗုဒ္ဓနှင့် ဗုဒ္ဓသာသနာကို ကြည်ညိုပွါးများသူများ အနေဖြင့်သော်၎င်း အထူး ကျေးဇူးရှိစေပါသည်။

ဒေါ် နုံယဉ်

ကလေးများအဖို့ ဗုဒ္ဓဝင်ပြုစုသူ။

တင်ပြခွင့်ပြုပါရန်....

၂၇။ ဗုဒ္ဓဝင်ပြခန်းတော်ကြီးကိုဖူးရသောအခါ မြတ်စွာဘုရားရှင်နှင့် ပရိနိဗ္ဗာန်မပြုမီက ဖူးတွေ့ရသလိုကျွန်တော်၏စိတ်များ ခံစားရပါသည်။ မြန်မာနိုင်ငံ ဘုရားပွဲကြီးများတွင် ဤပြပွဲများ ပြသနိုင်ပါစေလို့ဆုတောင်းပါသည်။

နိုင်ငံသူ-သားနှင့်ကမ္ဘာ့သားများကိုဗုဒ္ဓ၏အဆုံးအမများနှင့် ကျင့်ကြံအားထုတ်နိုင်ကြကောင်း၍ ဤအဖွဲ့ကြီးမှ ကြိုးစားပေးနိုင်ပါစေလို့ဆုတောင်းပါသည်။ မဂ်လာတရားတော်၊ ငါးပါး သီလနှင့် အနန္တောအနန္တ ၅-ပါး ရှိသေနိုင်အောင် ကြိုးစားပေးပါရန် ဆန္ဒပြုပါသည်။

၅၀၀၀ သာသနာ တည်ပါစေ၊
"စိရံ တိဋ္ဌတု သဒ္ဓမ္မော"၊

ညွန့်မြင့်

၂၈။ ဗုဒ္ဓမြတ်စွာကိုသက်တော်ထင်ရှားဖူးတွေ့နေရတာနဲ့မခြား ဘုရားရှင်ရဲ့ဘဝကို အနီးကပ် ဖူးတွေ့မြင်ရပါတယ်၊ဒီဗုဒ္ဓဝင်ပြခန်းကို နှစ်စဉ် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားပွဲတွေမှာ ပြသခင်းကျင်းနိုင်ပါစေလို့ လှိုက်လှဲစွာ ဆန္ဒပြုပါတယ်။

ရီရီမာ(ဟေမာလွင်)
လ/ထ အယ်ဒီတာ၊
ရွှေသို့(အင်္ဂလိပ်)စာစောင်။

၂၉။ Very inspiring and informative.

Dr, Khin Mg Nyunt,
History Dept,

# ဓမ္မပဒမှ ကောက်နုတ်ချက်များ

၁ ။နေမင်းသည် နေ့၌သာလျှင် တောက်ပသည်။ လသည် ညဥ့်၌ သာလျှင် တောက်ပသည်။ မင်းသည် ချပ်ဝတ်တန်းဆာဆင်ယင်မှ သာလျှင် တောက်ပ၏။
ဗြာဟ္မဏသည် ဈာန်၌ ဝင်စားမှသာလျှင် တောက်ပသည်။
ဗုဒ္ဓကိုယ်တော်တိုင်ကား အလုံးစုံသော နေ့ညဥ့် ကာလပတ်လုံး တန်းခိုး တော် ဖြင့် တောက်ပ၏။

၂။ အိပ်၍ မပျော်သော သူအား ညဥ့်တာသည် ရှည်၏။
ခရီးပန်းသူအား တယူဇနာခရီးသည်ဝေး၏။
သူတော်ကောင်း တရားကိုမသိသော သူမိုက်တို့အား သံသရာသည် ရှည်၏။

၃။ အမိုးမလုံသောအိမ်တွင်းသို့ မိုးယိုဘိသကဲ့သို့ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းမရှိသော သူ၏စိတ်တွင်းသို့ ကိလေသာရာဂသည် ယိုကျ၏။
ကောင်းစွာ မိုးထားသော အိမ်တွင်းသို့ မိုးမယိုဘိသကဲ့သို့ ကမ္မဋ္ဌာန်း စီးဖြန်းသောသူ၏စိတ်တွင်းသို့ ကိလေသာရာဂသည် ယိုမကျနိုင်ချေ။

၄။ ရေမှဆယ်ကာ ကုန်းပေါ်သို့ ပစ်တင် လိုက်သောငါးသည် ဆွ ဆွ ခုန် ဘိသကဲ့သို့ စိတ်ကို ကာမဂုဏ်အာရုံမှ ထုတ်၍ ကမ္မဋ္ဌာန်း ဘာဝနာသို့ တင်ပို့ လိုက်သောအခါ စိတ်သည် တုန်လှုပ်နေတတ် လေ၏။

၅။ အကယ်၍ လက်၌အနာမရှိလျှင်လက်ဖြင့် အဆိပ်ကိုကိုင်နိုင်၏။အနာမရှိသောလက်သို့ အဆိပ် မတက်နိုင်ချေ။ ထို့အတူမကောင်းမှု မပြုသူအား မကောင်းမှုမရှိပေ၊

၆။ လောက၌ ရန်တုံ့ မူခြင်းဖြင့် ရန်တို့သည် တရံတဆစ်မျှ မငြေပျောက်ကုန်။
ရန်ကိုရန်ချင်း မတုံ့ ပြန်ခြင်းဖြင့်သာလျှင် ရန်တို့သည် ပပျောက်ငြိမ်းကုန်၏။
ဤသို့ ရန်လိုမှ ရန်ပြုခြင်းသည် ရှေးရှေးမှ ဖြစ်သောသဘောတံထွာ ဓမ္မတာပင်တည်း။

၇။ သူတပါးတို့၏ မလျော်သောအမှုကိုမရှုရာ။ သူတပါးတို့၏ ကောင်းမှု မကောင်းမှုကို မရှုရာ။
မိမိ၏ ကောင်းမှု မကောင်းမှုကိုသာ ရှုရာ၏။

၈။ အိုခြင်း၊ သေခြင်း၊မာန ထောင်လွှားခြင်း ကျေးဇူးကန်းခြင်း တို့၏ တည်ရာဤမြို့ကို အရိုးတို့ဖြင့် တည်ဆောက်၏၊အသားတို့ဖြင့် လိမ်းကျံမွမ်းမံထားသည်။

၉။ နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို စားကျက်သို့မောင်းနှင်ဘိသကဲ့သို့ အိုခြင်းသေခြင်းတို့သည် သတ္တဝါတို့၏အသက်ကိုမောင်းနှင်လျက်ရှိကုန်၏။

၁၀။ ဤကိုယ်ကာယကြီးသည်မကြာမီပင်ဝိညာဉ်ကင်း၍ ပစ်ရမည့် အဖြစ်သို့ ရောက်ပြီးလျှင် အသုံးမဝင်သော ထင်းတုံးပမာ မြေ၌တုံး လုံးပက်လက်အိပ်စက်ရလိမ့်မည်တည်း။

၁၁။ ချမ်းသာသုခကို မိခင်လည်းမပေးနိုင်၊ ဖခင်လည်းမပေးနိုင်၊ ဆွေမျိုးသားချင်းတို့လည်း မပေးနိုင်ကြကုန်။ ကောင်းစွာစောင့်ရှောက် အပ်သောစိတ်သည်သာလျှင် ချမ်းသာသုခကိုမိဘဆွေမျိုး ဉာတိတို့ထက် သာလွန်၍ ပေးစွမ်းနိုင်၏။

၁၂။ ပန်းအစုအပုံမှ ပန်းကုံးပေါင်း များစွာတို့ကို သီကုံး ရဘိသကဲ့သို့ မွေးတတ် သေတတ်သောလူတို့သည်လည်း ဥစ္စာပစ္စည်းအစုအပုံမှ ကုသိုလ်ပန်းကုံး များစွာတို့ကို သီကုံးရာ၏။

၁၃။ ပန်း၏ရနံ့သည် လေညာသို့မသွား၊ စန္ဒကူးဖြစ်စေ၊ ဇလပ်ဖြစ်စေ စပယ်ကြက်ရုံးပင်ဖြစ်စေ အနံ့လေညာသို့မဆန်။

သူတော်ကောင်းတို့၏ ရနံ့မူကား လေညာသို့လည်းသွား၏၊ အလုံးစုံသော အရပ်မျက်နှာသို့တိုင်လည်းလှိုင်၏။ စန္ဒကူး၊ ဇလပ်ကြာနှင့် မြတ်လေးပန်းအပေါင်းတို့၏ အနံ့ထက် သီလရနံ့က သာ၍မွန်မြတ်၏။

၁၄။ အမြဲမပြတ် ကိလေသာမီး တောက်လောင်နေပါလျက်နှင့် အဘယ့်ကြောင့် ရယ်မောအားရ နှစ်သက်နေကြပါသနည်း၊ အဝိဇ္ဇာမှောင်ထုကြီး ပိတ်ဆီး နေပါလျက်နှင့် အဘယ့်ကြောင့် ဆီမီးကိုမရှာမှီးဘဲနေကြပါသနည်း။

၁၅။ ရာဂစသောဆူးငြောင့်တို့မှကင်းရာ ဤလမ်းကို ကိုယ်တိုင်သိ၍ သင်တို့အား ငါညွှန်ကြား၏။

သင်တို့ကိုယ်တိုင် အားထုတ်ကြလော့။ ဘုရားရှင်တို့သည် လမ်းကိုညွှန်ပြ၏၊ ပြသသည့်အတိုင်းလိုက်နာကျင့်ကြံ၍စျာန်သမာပတ်ရသူတို့သည် မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်ကုန်ကြလေပြီ။

၁၆။ ပန်းတို့ကို ကောင်းနိုးရာရာ ရွေးချယ်သောသူကဲ့သို့ ကာမဂုဏ်အာရုံတို့ကို အစွဲအလမ်းကြီးစွာဖြင့် ရွေးချယ်လျက် ရှိကြကုန်သောလူ အပေါင်းတို့အား ကြီးစွာသော ရေအယဉ်သည် အိပ်မော ကျလျက် ရှိသော တရွာလုံးကို တိုက်ခတ်သယ်ဆောင်သွားဘိသကဲ့သို့ပင် သေမင်းသည် ခေါ်ဆောင်သွားလေသည်။

ပ-မ-သ-စ—၆၂၁-၁၀-၁-၇၇—၅၀၀၀-အုပ်။



# သီရိဓမ္မာသောကမင်းတြားကြီး

ဓမ္မနှင့် အညီ လိုက်နာကျင့်ကြံခြင်းအားဖြင့်သာ လူတို့သည် မျက်မှောက်နှင့် တမလွန်ဘဝတို့တွင်ပါ ချမ်းသာသုခကို ရရှိနိုင်မည်ဖြစ်ရကား ကောင်းကင်ပြင်၌ နေနှင့်လတို့ ထွက်ပေါ်နေသမျှသော ထိုကာလပတ်လုံး ကျွန်ုပ်၏ သားစဉ်မြေးဆက်တို့ လက်ထက်တိုင် တရားဓမ္မသည် မကွယ်မပျောက် တည်တံ့လျက်ရှိပြီး လျှင် လူသားအားလုံးတို့သည်လည်း ဓမ္မနှင့်အညီသာ လိုက်နာကျင့်ဆောင်ကြသည် ဖြစ်စေသတည်း။